ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (16-3-2006) (၄၉၀၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) (သာစည်) လှိုင်းတက်-(တပ်ကုန်း)ကင်းသာလမ်းပိုင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)(သာစည်)လှိုင်းတက်-(တပ်ကုန်း)ကင်းသာ လမ်းဆုံရှင်းလင်းဆောင်သို့ ရောက်ရှိရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး လှုတင်နှင့် ညွှန်ကြားရေးမှူး ဦးကံလှတို့က လှိုင်းတက်-ကင်းသာအထိ မြေသားလမ်းပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လှိုင်းတက်-ကင်းသာ လမ်းပိုင်း တစ်လျှောက် မြေသားလမ်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ် ဘုရားငါးဆူ လမ်းနှင့် ခရိုင်ချင်းဆက်လမ်း(၂)လမ်းဆုံ၌ မြေသားလမ်းပြီးစီးမှုနှင့် လမ်းအူကြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗိန္ဒက ကျေးရွာအနီး၌ စက်ယန္တရားများဖြင့် မြေဖို့၊ လမ်းညှိခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို လည်းကောင်း၊ ရေကျော်၊ ရေပြွန်တံတားနှင့် ရေကျော် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် နေရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရမည်းသင်း - ရွှေမြင်တင်တောင်လမ်း၊ လှိုင်းတက် - ကင်းသာ လမ်းဆုံသို့ ရောက်ရှိ၍ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)(သာစည်)လှိုင်းတက်-(တပ်ကုန်း)ကင်းသာ လမ်းပိုင်း မြေသားလမ်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာ မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရထိုးနှက်သည့် စာတမ်းတစ်ရပ်သာဖြစ် အစိုးရသည်ပြည်သူလူထုကြီးတစ်ရပ်လုံး၏လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန် အစွမ်းကုန်လုပ်ဆောင်လျက်ရှိ ကျန်းမာရေးနှင့် ပညာရေးအပါအဝင် လူမှုရေးဝန်ဆောင်မှု ကဏ္ဍများတွင် တိုးတက်မှုများ ရရှိနေ

ရန်ကုန် မတ် ၁၅

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် မတ် ၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ ခုနှစ်၊ မတ် ၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့် စာတမ်းတစ်ရပ်သာ ဖြစ်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၆–၃–၂၀၀၆
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးဝိုင်းဝန်းကြိုးပမ်း

စီမံချက်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်

မျက်မှောက်ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အာဟာရပြဿနာ အနည်းနှင့်အများ ကြုံတွေ့ကြရလျက်ရှိသည်။ အာဟာရနှင့် ဆက်နွယ်နေသော ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးနှင့်နှလုံးသွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းနေကြရသည်။

ထို့အပြင် နိုင်ငံ ၁၀၀ကျော်၌ မှီတင်းနေထိုင်ကြသူ လူအများစုသည် ပတ်ဝန်းကျင် ရေ၊ မြေ အခြေအနေအရ အိုင်အိုဒင်းအာဟာရချို့တဲ့လာမှုများနှင့် ရင်ဆိုင်နေကြရသည်။ ဘီတာမင်အေ ချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပြုနိုင်ရုံမျှမက ကူးစက်ရောဂါအမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ပြည်သူအားလုံး၏ ကျန်းမာကြံ့ခိုင် သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ စီမံဖြည့်ဆည်းပေးနေသည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြမှသည် အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ၊ နယ်စပ်အစွန်အဖျားဒေသများအထိ ရောက်ရှိစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသည်။

အိုင်အိုဒင်းချို့တဲ့မှုသည် ပြည်သူများ ကျန်းမာရေးကို ထိခိုက်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ရာ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ရောဂါမဖြစ်ပွားစေရန် အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။

အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပွားတတ်သော လည်ပင်းကြီးရောဂါ ပပျောက်စေရေးအတွက် တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆားပိုမိုစားသုံးလာရေးနည်းလမ်းကို ရေရှည်စီမံချက်ချမှတ်ပြီး ၁၅ နှစ်ခန့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးပန်းတိုင်သို့ မကြာမီ ရောက်ရှိတော့မည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း ထုတ်လုပ်သမျှ အိမ်သုံးဆားများတွင် အိုင်အိုဒင်းဖြည့်သွင်း ထုတ်လုပ်လျက်ရှိရာ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား စားသုံးမှုသည်လည်း မျှော်မှန်းထားသည့် ရာခိုင်နှုန်း ၉၀ နီးပါး ရောက်ရှိနေပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက အိမ်ထောင်စုအဆင့်တွင် အိုင်အိုဒင်းဆား အရည်အသွေး စောင့်ကြပ်စစ်ဆေးခြင်း၊ အိုင်အိုဒင်းဆား စားသုံးမှုအခြေအနေ လေ့လာခြင်းနှင့် လည်ပင်းကြီးရောဂါဖြစ်ပွားမှုအခြေအနေ လေ့လာခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အိုင်အိုဒင်းချို့တဲ့မှုသည် အခြားရောဂါများကဲ့သို့ အမြစ်ပြတ်ချေမှုန်းနိုင်သည့် ရောဂါမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ် လုပ်ကိုင်သွားရမည့် လုပ်ငန်းဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ရောဂါဘယမဖြစ်ပွားစေရေးနှင့် မြန်မာတစ်နိုင်ငံလုံး အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးပန်းတိုင်သို့ ရောက်ရှိစေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဆားထုတ်လုပ်သူများနှင့် တာဝန်ရှိသူအသီးသီးတို့က စီမံချက်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် မတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ–တရုတ် နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာ ဆရာများအသင်းဥက္ကဋ္ဌ H.E. Mr.Shao Huaze ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲ တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် သံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ–တရုတ် နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာ ဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze ၊ သံအမတ်ကြီး H.E.Mr. Guan Mu နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ အသစ်ဖွင့်လှစ်လိုက်သော ခေတ်မီပိဋကတ်စာကြည့်တိုက် E-Library အတွက် လှူဒါန်းငွေ ကျပ် ၇၃ သိန်း သုံးသောင်းကို အလှူရှင် ရန်ကုန်မြို့နေ ဦးသိန်းဦး–ဒေါ်ခင်ခင်စိန်၊ သမီးဖြူမာဦးနှင့် မြေးကလေးတို့က လှူဒါန်းရာ နာယက အကြံပေး ပုဂ္ဂိုလ် မဟာသန္တိသုခ ဒုတိယ ဥက္ကဋ္ဌ ဦးအုံမောင် လက်ခံရယူစဉ်။

(က–ပ)

နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၃/ခ)ရပ်ကွက် ငွေကြာယံရိပ်သာ စည်ပင်သာယာလမ်းနေ ဦးအောင်ကြည်–ဒေါ်ခင်ခင်မ၊ သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရ လင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ အတွင်းသရုပ်

စာဖတ်သူတစ်ဦး

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက တခြားနိုင်ငံတွေနဲ့ ပတ်သက်ပြီး နှစ်ပတ်လည် လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ၁၉၇၇ ခုနှစ်ကစပြီး နှစ်စဉ်ထုတ်ပြန်လာခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်အတွက် အစီရင်ခံစာကိုလည်း ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့က ထုတ်ပြန်လိုက်ပါတယ်။

အဲဒီ အမေရိကန်အစိုးရရဲ့ ၂၀၀၅ ခုနှစ် လူ့အခွင့်အရေးနှစ်ပတ်လည် အစီရင်ခံစာမှာ နိုင်ငံ တော်တော်များများရဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေကို ဖော်ပြထားပါတယ်။ အဲဒီလို အဖော်ပြခံရတဲ့ နိုင်ငံတွေထဲမှာ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့အပေါင်းပါနိုင်ငံအချို့ရဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေ မပါဝင်ခဲ့ပါဘူး။

အခုလို လူ့အခွင့်အရေးအစီရင်ခံစာကို နှစ်စဉ်ဖော်ပြနေတာဟာ အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်ကနေပြီး ၎င်းတို့ရဲ့ နိုင်ငံခြားရေးပေါ်လစီကို ရေးဆွဲသတ်မှတ်ရာမှာ အစီရင်ခံစာပါ အချက်အလက်တွေကို အခြေခံပြီး ရေးဆွဲသတ်မှတ်ဖို့အတွက်လို့ ဆိုပါတယ်။ ဒါပေမယ့် အမေရိကန်အစိုးရရဲ့ ဖုံးကွယ်ထားတဲ့ တကယ့်ရည်ရွယ်ချက်ကတော့ ၎င်းတို့နဲ့ အပေါင်းပါမဟုတ်တဲ့၊ ၎င်းတို့ရဲ့ဩဇာကို မနာခံတဲ့၊ ၎င်းတို့နဲ့ ပြိုင်ဘက်ဖြစ်လာမယ့် နိုင်ငံတွေကို လူ့အခွင့်အရေးဆိုတဲ့ ဝေါဟာရကို ခုတုံးလုပ်အသုံးချပြီး ဝါဒဖြန့်ချိရေး နည်းလမ်းနဲ့ အပုပ်ချအညွှန့်ချိုး နှံနှိမ်နေတာပဲဖြစ်ပါတယ်။ အမေရိကန် အစိုးရရဲ့ အဲဒီ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် မူဝါဒကို တစ်ကမ္ဘာလုံးက နောကျေအောင် သိနေခဲ့ကြပါတယ်။

စစ်အေးကာလမှာ အမေရိကန်အစိုးရဟာ အနောက်အုပ်စုကို ဦးဆောင်ပြီး ဆိုဗီယက် ရုရှားခေါင်းဆောင်တဲ့ အရှေ့အုပ်စုနဲ့ အားပြိုင်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီခေတ်ကာလမှာ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ရဲ့ ရိုက်ခတ်မှုတွေကြောင့် ကိုလိုနီထမ်းပိုးအောက်က လွတ်မြောက်လာခဲ့တဲ့ ကမ္ဘာ့နိုင်ငံအများစုမှာ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒတွေ ခေတ်စားခဲ့ပါတယ်။ အနောက်အုပ်စုနိုင်ငံအများစုဟာ ကိုလိုနီနယ်ချဲ့ နိုင်ငံတွေဖြစ်တယ်။ အရင်းရှင်စနစ်ရဲ့ အဆုံးစွန်သော ဖောက်ပြန်မှုဖြစ်တဲ့ ကုပ်သွေးစုပ်အမြတ်ထုတ်မှုကို ကျင့်သုံးနေတဲ့ နိုင်ငံတွေဖြစ်တယ်လို့ ကမ္ဘာ့ပြည်သူအများစု တံတွေးခွက်မှာ ပက်လက်မျောနေတဲ့ အချိန်ကာလလည်း ဖြစ်ပါတယ်။

ကမ္ဘာ့ပြည်သူတွေရဲ့ အဲဒီအတွေးအမြင်၊ အယူအဆတွေကို ပြောင်းလဲပစ်ဖို့အတွက် နည်းလမ်းရှာဖွေလာရတဲ့ အမေရိကန်အစိုးရ အဆက်ဆက်ဟာ အယူဝါဒသဘောသက်ဝင်ပြီး လူသားတိုင်း သည်းခြေကြိုက်မယ့် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးဆိုတဲ့ ဝေါဟာရကို ၎င်းတို့ရဲ့ပင်ကို နောက်ချေးပေါ်မှာ ရွှေမှုန်ကြဲပေးလိုက်တာပဲ ဖြစ်ပါတယ်။ အမှန်တကယ်ကတော့ လူ့အခွင့်အရေးဆိုတာကို နိုင်ငံရေးတိုက်ကွက်တစ်ခုအနေနဲ့ ခုတုံးလုပ်အသုံးချပြီး ကမ္ဘာ့ပြည်သူတွေကို နားလှည့်ပါးရိုက် လုပ်လိုက်တာပါပဲ။

မကြာခင်ကထုတ်ပြန်လိုက်တဲ့ အမေရိကန်အစိုးရရဲ့ လူ့အခွင့်အရေး နှစ်ပတ်လည် အစီရင်ခံစာမှာ ထုံးစံအတိုင်း သူတို့ အဓိကပစ်မှတ်ထားတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ရုရှား၊ အီရန်၊ မြောက်ကိုရီးယား၊ ကျူးဘား၊ ဘီလာရုစ်၊ မြန်မာ စတဲ့ နိုင်ငံတွေပဲ ဖြစ်ပါတယ်။ လိုရာဆွဲပြီး ဖော်ပြထားတဲ့ သူတို့ရဲ့ အစီရင်ခံစာမှာ အဲဒီနိုင်ငံတွေဟာ နှစ်စဉ်ပါမြဲပါလေ့ ရှိနေခဲ့ပါတယ်။

အဲဒီလို သူတို့ကိုယ်သူတို့ ကမ္ဘာ့လူ့အခွင့်အရေးဆိုင်ရာ တရားသူကြီး သဖွယ် စီမံခြယ်လှယ်နေတဲ့ အမေရိကန်အစိုးရရဲ့ လျှာနှစ်ခွလုပ်ရပ်အပေါ် သုံးသပ်ဝေဖန်ထားတဲ့ စာတမ်းတစ်စောင်ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ထုတ်ဝေတဲ့ Beijing Review စာစောင် (၁၉၉၇၊ မတ် ၁၇-၂၃)မှာ ဆောင်းပါးရှင် Ren Yanshi က A Look at the US Human Rights Record ခေါင်းစဉ်နဲ့ တုံ့ပြန်ရေးသားဖော်ပြခဲ့ပါတယ်။

ဆောင်းပါးရှင်က မျက်မှောက်ကာလမှာ ၎င်းတို့ကိုယ်နှိုက်က ကမ္ဘာ့လူ့အခွင့်အရေး အချိုးအဖောက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေတဲ့ အမေရိကန်နိုင်ငံနဲ့ ပတ်သက်ပြီး အကြောင်းအရာ တစ်ခုချင်းအလိုက် ခေါင်းစဉ်တွေနဲ့ သုံးသပ်တင်ပြထားတာ လေ့လာတွေ့ရှိနိုင်ပါတယ်။ အဲဒီသုံးသပ်တင်ပြချက်တွေကတော့

(၁) အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြထားသော လူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်ပေးမှုများသည် နိုင်ငံတကာ အဆင့်အတန်းမမီခြင်း၊

(၂) အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီသည် ငွေသာပဓာန ဒီမိုကရေစီ ဖြစ်နေခြင်း၊

(၃) အမေရိကန်နိုင်ငံသည် အကြမ်းဖက်မှုများစွာ ဖြစ်ပွားရာနိုင်ငံ ဖြစ်နေခြင်း၊

(၄) အမေရိကန်နိုင်ငံ၏ ဆင်းရဲမွဲတေသူများ၊ အစာအာဟာရ ချို့တဲ့သူများနှင့် အိုးမဲ့အိမ်မဲ့ အခြေအနေများ၊

(၅) အမေရိကန်နိုင်ငံသည် လူမျိုးရေးခွဲခြားမှု အမြစ်စွဲနေသော နိုင်ငံ ဖြစ်ခြင်း၊

(၆) အမေရိကန်အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကြေကွဲဝမ်းနည်းဖွယ်ရာ အခြေအနေများ၊

(၇) ကိုယ့်မျက်ချေးကိုယ်မမြင်ဘဲ အခြားသောနိုင်ငံများကို လူ့အခွင့်အရေး အကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ဖျက်ဆီးနေသော အမေရိကန်နိုင်ငံ၏ လုပ်ရပ်များ၊

ဆိုပြီး အသေးစိတ် လေ့လာသုံးသပ်ဖော်ပြထားတာ ဖြစ်ပါတယ်။

အခုလည်းပဲ အမေရိကန်အစိုးရရဲ့ လူ့အခွင့်အရေးအစီရင်ခံစာအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးက ပြန်လည်တုံ့ပြန် ဝေဖန်နေကြတာကို လေ့လာတွေ့ရှိရပါတယ်။ မတ်လ ၉ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပုံမှန်သတင်းစာ ရှင်းလင်းပွဲမှာ အမေရိကန်အစိုးရရဲ့ အစီရင်ခံစာဟာ မဟုတ်မမှန် လုပ်ကြံဖော်ပြမှုဖြစ်ကြောင်း ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာလျက်ရှိကြောင်း၊ တရုတ်အစိုးရဟာ အရာရာတိုင်းမှာ ပြည်သူတို့အပေါ်ထားရှိတဲ့ မူဝါဒကို လေးစားလိုက်နာ စောင့်ထိန်းလျက်ရှိကြောင်း၊ ဥပဒေနဲ့အညီ ဒီမိုကရေစီနိုင်ငံ တိုးတက်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသွားပါတယ်။

ထို့အတူပဲ ရုရှားနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပုံတွေကို အမေရိကန်နိုင်ငံခြားရေးဌာနက ဝေဖန်တာဟာ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရေးကို ထိခိုက်နိုင်ကြောင်း၊ အမေရိကန်ရဲ့ အဲဒီအစီရင်ခံစာမှာ အဖြစ်မှန်တွေကို အလွဲလွဲအမှားမှားရေးထားပြီး မလိုတမျိုးလိုတမျိုး ဖော်ပြထားကြောင်း၊ အမေရိကန်ရဲ့မူဝါဒဟာ ဘက်လိုက်တဲ့ မူဝါဒဖြစ်ကြောင်း၊ ရုရှားဆန့်ကျင်ရေး စိတ်ဓာတ်ကို မြှောက်ပင့်ပေးနေတာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာနက တုံ့ပြန်ပြောကြားခဲ့ပါတယ်။

အလားတူပဲ ထိုင်းနိုင်ငံအပေါ် စွပ်စွဲချက်နဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်အစိုးရကို ပြစ်တင်ဝေဖန်ပြောဆိုခဲ့ပါတယ်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူက အစီရင်ခံစာမှာ ဖော်ပြထားတဲ့ စွပ်စွဲချက်တွေဟာ အမှန်တရားနဲ့ အလှမ်းဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းမှာ ကိုယ်ပိုင်အခြေအနေနဲ့ ထူးခြားသော စရိုက်လက္ခဏာများရှိကြောင်း၊ အခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို အမေရိကန်နိုင်ငံရဲ့ နှစ်သက်ရာ စံနှုန်းကို အသုံးပြုပြီး တိုင်းတာဆုံးဖြတ်ခြင်းဟာ မမှန်ကန်နိုင်ကြောင်း ရှင်းလင်းပြောကြားသွားပါတယ်။

ဗီယက်နမ်နိုင်ငံကလည်း အမေရိကန်ရဲ့ ၂၀၀၅ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာမှာ ဖော်ပြထားမှုတွေကို ပယ်ချလိုက်ပါတယ်။ အဲဒီအစီရင်ခံစာဟာ ချဲ့ကားရေးသားထားတာဖြစ်ပြီး အမေရိကန်တို့လိုရာကို ကောက်ချက်ဆွဲထားခြင်းသာဖြစ်ကြောင်း၊ သမိုင်းနောက်ခံ၊ယဉ်ကျေးမှုနဲ့ နိုင်ငံရေးစနစ်တွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီဘဲကွဲပြားမှုရှိကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံသမ္မတရဲ့ ပြောရေးဆိုခွင့်ရှိသူကလည်း အမေရိကန်ရဲ့ လူ့အခွင့်အရေး အစီရင်ခံစာမှာ ၎င်းတို့နိုင်ငံနဲ့ စပ်လျဉ်းပြီး ဖော်ပြထားမှုတွေဟာ ရေရေရာရာမရှိဘဲ၊ တရားမျှတမှုမရှိဘဲ ဖော်ပြထားခြင်းသာဖြစ်ကြောင်း၊ အဲဒီ အစီရင်ခံစာကို ဖိလစ်ပိုင်အစိုးရက ပယ်ချလိုက်ကြောင်း ပြောကြားသွားပါတယ်။

အမေရိကန်ရဲ့ လူ့အခွင့်အရေးအစီရင်ခံစာထဲမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး တစ်ခါလာလည်း မဲပြာပုဆိုးဆိုသလို မဟုတ်မမှန် လုပ်ကြံပုတ်ခတ် စွပ်စွဲထားပြန်ပါတယ်။ အဲဒီလိုလုပ်ကြံ ပုတ်ခတ်စွပ်စွဲနေတာဟာ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ အခင်းအကျင်းမှာ မြန်မာနိုင်ငံဟာ ဟိုးယခင်ကထက် မဟာဗျူဟာအရ ပိုပြီးတော့ အရေးပါတဲ့အခြေအနေကို ရောက်နေလို့ပဲဖြစ်ပါတယ်။ အမေရိကန်ဟာ ကမ္ဘာပေါ်မှာ စူပါပါဝါနိုင်ငံဆိုပြီး ထင်ရာကိုလျှောက်လုပ်နေတာ လူတိုင်း အသိပဲဖြစ်ပါတယ်။

အမေရိကန်ရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲပုတ်ခတ်မှုနဲ့ပတ်သက်လို့ BBC က Free Burma Coallation အဖွဲ့ဝင်ဖြစ်ပြီး အောက်စဖို့ဒ်တက္ကသိုလ်မှာ ဧည့်သည် သုတေသီ ပညာရှင်လုပ်နေတဲ့ ဒေါက်တာဇာနည်ရဲ့အမြင်ကို တွေ့ဆုံမေးမြန်းခဲ့တာ ကြားသိလိုက်ရပါတယ်။ ဒေါက်တာဇာနည်ရဲ့ ရှင်းလင်းပြောကြားချက်တွေကို ကောက်နုတ် ဖော်ပြရရင်-

အမြင်အမျိုးမျိုးရှိတဲ့အခါကျတော့ တာဝန်မဲ့ဆိုတာက နိုင်ငံတော်ကို၊ ကျွန်တော်တို့ မြန်မာပြည်ကို မပြိုကွဲအောင်ထိန်းထားတဲ့နေရာမှာ တာဝန်မဲ့လို့ ကျွန်တော်တို့ သွားပြောလို့ မရဘူး။ ဒီဟာကတော့ ဘယ်ဘက်ကကြည့်တယ် ဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက လွတ်လပ်ရေး ရကတည်းက၊ ၁၉၄၈ကတည်းက ဦးနုအစိုးရကို ရန်ကုန်အစိုးရလို့ခေါ်တဲ့ အဆင့်မျိုးအထိ ရောက်ခဲ့တာကိုး။ အဲဒီလိုမျိုး အခြေအနေနဲ့ယှဉ်မယ်၊ ဦးနေဝင်းခေတ်တုန်းက အညိုရောင်နယ်မြေ၊ အနက်ရောင်နယ်မြေဆိုပြီးတော့ ကချင်ပြည်နယ် တောင်မှ၊ မြစ်ကြီးနားတောင်မှ မန္တလေးနဲ့ ရန်ကုန်က လူတွေသွားဖို့ အခက်အခဲ ရှိခဲ့တာကိုး။ လက်ရှိအုပ်ချုပ်နေတဲ့ အစိုးရဘက်ကကြည့်တော့လည်း ငြိမ်းချမ်းရေး အဖွဲ့ ၁၇ဖွဲ့လောက် သူတို့အားလုံး ပြေလည်အောင် စကားပြောကြတယ်။ နိုင်ငံကို ထိန်းထားတဲ့နေရာမှာ အလွန်အောင်မြင်တဲ့လုပ်ငန်းလို့ သူတို့ဘက်က မြင်တယ်။ ကျွန်တော်တို့ သဘောတူတာ၊ မတူတာက တစ်ကဏ္ဍ။ အိန္ဒိယတို့၊ တရုတ်နိုင်ငံတို့က အများကြီးတိုးတက်နေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ကိုယ့်အချင်းချင်း မပြေလည်လို့ ပြဿနာဖြစ်နေတာ အနှစ် ၅၀၊ ၆၀လောက် ရှိလာတဲ့အခါမှာ ဒါကတော့ ဆိုးရွားတယ်လို့၊ နစ်နာတယ်လို့ ပြောရမှာပေါ့။

ဒါပေမယ့် အခုဟာက၊ ပြဿနာက လူ့အခွင့်အရေးကို အနောက်နိုင်ငံတွေက အော်နေပေမယ့် သူတို့ကိုယ်တိုင်က အီရတ်နိုင်ငံမှာ တစ်စစီဖြစ်သွားအောင်ဖျက်ပစ်လိုက်တယ်။ အာဖဂန်နစ္စတန်ကို ဝင်တိုက်တယ်။ ကျွန်တော်ပြောတာက ကျွန်တော်တို့တွေက ဒီကမ္ဘာကြီးက လူ့အခွင့်အရေးလို့ အော်လိုက်တာနဲ့ ကျွန်တော်တို့က လိုက်အော်စရာမလိုဘူး။ ပါးစပ်ကတော့ ဘုရားဘုရားလို့ပြောတယ်၊ လက်ကတော့ ကားရားကားရားလုပ်နေတဲ့ အနေထားမျိုးမှာ သူတို့ရဲ့ ထောက်ခံမှုပါမှ ကျွန်တော်တို့နိုင်ငံ ပြေလည်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘယ်တော့မှ ပြေလည်မှာမဟုတ်ဘူး။ ပြည်တွင်း ပြဿနာက ပြည်တွင်းမှာပဲရှိပါတယ်။

"အမြဲတမ်း အမေရိကန်နိုင်ငံက လူသားတွေရဲ့ လွတ်မြောက်မှုအတွက် လုပ်ပါတယ်ဆိုတာ ပြောပြီးတော့ တစ်ဖက်ကလည်း မကောင်းတာတွေလုပ်နေတာ အများကြီးရှိတယ်။ တစ်ချိန်တုန်းက အမေရိကန်မှာ ကျွန်တော်တို့ နေခဲ့တယ်၊ ပညာသင်ခဲ့တယ်၊ သူ့ရဲ့အကူအညီ ယူပြီးတော့ ကျွန်တော်တို့ ကင်မ်ပိန်းတွေ၊ မီဒီယာတွေ လုပ်ခဲ့တယ်ဆိုတာက အမေရိကန်နိုင်ငံရဲ့ အကူအညီကို ယူပြီးတော့ ကျွန်တော်တို့နိုင်ငံအဖြေကို ဖြေရှင်းလို့ရမလားဆိုတဲ့ သဘောထားမျိုးနဲ့ လုပ်တာလေ။ အမေရိကန်နိုင်ငံရဲ့ အကူအညီကိုယူပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အခြေအနေကို ပြောင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၅နှစ်ရှိပြီ။ အမေရိကန်အကူအညီ၊ အနောက်နိုင်ငံတွေ အကူအညီယူပြီးတော့ အော်လိုက်၊ ကင်မ်ပိန်း အမျိုးမျိုး လုပ်လိုက်၊ ဘာမှမဖြစ်လာဘူး။ လူထုကပဲ နစ်နာပြီးတော့ ကျွန်တော်တို့က ကျွန်တော်တို့နဲ့ တစ်သက်လုံးနေရမယ့်၊ တစ်သက်လုံးလည်း ရှိနေမယ့် စစ်တပ်ကို ဘယ်လိုမှ ပြေလည်အောင် လုပ်လို့မရဘူး။ ကျွန်တော်တို့က အမျိုးသား ရင်ကြားစေ့ရေးကို လိုချင်တယ်ဆိုရင် အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြေလည် ချင်တယ်ဆိုရင်တော့ ပြေလည်ချင်တဲ့ အပေါက်ကို ချိုးရမှာပေါ့"ဟူ၍ ၎င်း၏ အမြင်ကို ရှင်းလင်းပြောကြားသွားပါတယ်။

အခုဖော်ပြခဲ့တဲ့အကြောင်းအချက်တွေကို ဆက်စပ်ကြည့်မယ်ဆိုရင် ကမ္ဘာပေါ်မှာ အမေရိကန်အစိုးရက ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေတယ်ဆိုတာကို သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။ အမေရိကန်နဲ့ အပေါင်းပါတွေဟာ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးဆိုပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ်မှာ မမှန်မကန်တဲ့ စွပ်စွဲချက်တွေနဲ့ တစ်ဖက်သတ်ဖိအားပေးနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ကမ္ဘာ့ပြည်သူတိုင်း မြင်တွေ့ကြားသိနေတဲ့ အမေရိကန်ရဲ့ နိုင့်ထက်စီးနင်း ကျူးလွန်မှုတွေကို အဲဒီအစီရင်ခံစာထဲမှာ တစ်ခုမျှမဖော်ပြထားတာဟာ အမေရိကန်အစိုးရက ကမ္ဘာ့ပြည်သူတွေကို နားလှည့်ပါးရိုက် လုပ်လိုက်တာပါပဲ။ အာဖဂန်နစ္စတန်၊ အီရတ်နဲ့ ဂွာတာနာမို အကျဉ်းစခန်းတွေမှာ အကျဉ်းသားတွေကို အမေရိကန်စစ်တပ်ရဲ့ နိုင့်ထက်စီးနင်းလုပ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ လူသားချင်းမစာမနာ ညှဉ်းပန်းနှိပ်စက်မှုတွေကို ဖော်ပြမထားလို့ နိုင်ငံတကာက ပြင်းပြင်းထန်ထန် တုံ့ပြန်ဝေဖန်နေကြပါပြီ။ အမေရိကန်အစိုးရရဲ့ ဗိုက်ထဲမှာ အူဘယ်နှစ်ခွေရှိတယ်ဆိုတာကို အားလုံးကသိနေကြပါပြီ။

ဒါပေမယ့် အမေရိကန်နဲ့ အပေါင်းပါတွေရဲ့အလိုကျ ကြိုးဆွဲရာကနေကြရတဲ့ နိုင်ငံရေးပါတီတွေ၊ အကြမ်းဖက်အဖွဲ့တွေ၊ လက်ဝေခံပြည်ပြေးတွေကတော့ ရေငုံနှုတ်ပိတ်လုပ်ပြီး ငြိမ်သက်ထောက်ခံနေကြပါတယ်။ သခင်အားရ ကျွန်ပါးဝ လုပ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလို့ အသံကောင်းဟစ်နေကြပေမယ့် အမှန်တကယ်မှာ ဒီမိုကရေစီဝါဒီများမဟုတ်ဘဲ ဆရာမွေး၊ တပည့်မွေး ဝါဒသမားတွေသာ ဖြစ်နေကြလို့ပါပဲ။ ပါးစပ်က လူ့အခွင့်အရေး၊ လူ့အခွင့်အရေးလို့ အော်နေပေမယ့် သူတို့တစ်တွေ တကယ်လုပ်နေတာက ပြည်သူလူထုရဲ့ လူ့အခွင့်အရေးကို စွက်ဖက်လုယက်ဖျက်ဆီးတာပဲဖြစ်ပါတယ်။

အခုလို လူ့အခွင့်အရေးအစီရင်ခံစာကို နှစ်စဉ်ဖော်ပြနေတာဟာ အမေရိကန် ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်ကနေပြီး ၎င်းတို့ရဲ့ နိုင်ငံခြားရေးပေါ်လစီကိုရေးဆွဲသတ်မှတ်ရာမှာ အစီရင်ခံစာပါ အချက်အလက်တွေကို အခြေခံပြီး ရေးဆွဲသတ်မှတ်ဖို့အတွက်လို့ ဆိုပါတယ်။ ဒါပေမယ့် အမေရိကန်အစိုးရရဲ့ ဖုံးကွယ်ထားတဲ့ တကယ့်ရည်ရွယ် ချက်ကတော့ ၎င်းတို့နဲ့ အပေါင်းပါမဟုတ်တဲ့၊ ၎င်းတို့ရဲ့ဩဇာကို မနာခံတဲ့၊ ၎င်းတို့နဲ့ ပြိုင်ဘက်ဖြစ်လာမယ့် နိုင်ငံတွေကို လူ့အခွင့်အရေးဆိုတဲ့ ဝေါဟာရကို ခုတုံးလုပ်အသုံးချပြီး ဝါဒဖြန့်ချိရေး နည်းလမ်းနဲ့ အပုပ်ချအညွှန့်ချိုး နှံနှိမ်နေတာပဲ ဖြစ်ပါတယ်။ အမေရိကန် အစိုးရရဲ့ အဲဒီ မီးစ တစ်ဖက် ရေမှုတ်တစ်ဖက် မူဝါဒကို တစ်ကမ္ဘာလုံးက နောကျေအောင် သိနေခဲ့ကြပါတယ်။

အင်္ဂလိပ်စာမှ မလေးရှားဘာသာသို့ ပြန်သော ဆော့ဖ်ဝဲလ်များ တီထွင်ထုတ်လုပ်ရန် မလေးရှားကြိုးပမ်း

ကွာလာလမ်ပူ မတ် ၁၄

အင်တာနက်သုံးစွဲရာ၌ အင်္ဂလိပ်စာ မဖတ်နိုင်သော မလေးရှားနိုင်ငံသားများအတွက် အခက်အခဲများရှိကြောင်း၊ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ခြောက်လအတွင်း မလေးရှားဘာသာပြန် ဆော့ဖ်ဝဲလ်တစ်ခုကို ထုတ်လုပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနက မတ် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

အင်္ဂလိပ်ဘာသာမှ မလေးဘာသာသို့ ပြန်နိုင်သော ကွန်ပျူတာဘာသာပြန်သုံး(ကတ်)ဆော့ဖ်ဝဲလ်ကို ပထမဆုံး တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ မလေးရှား အမျိုးသားဘာသာပြန်သင်တန်းကျောင်း (အိုင်တီအင်အမ်) ဒါရိုက်တာရှုပာရှုဒင်အလီက ပြောကြားခဲ့သည်။

အိုင်တီအင်အမ်နှင့် မီမို့စ်ဘာဟင်ကုမ္ပဏီတို့ ပူးပေါင်း၍ ထိုဆော့ဝဲလ်ကို ခြောက်လအတွင်း အပြီးသတ်ထုတ်လုပ်သွားမည်ဟု ရှုပာရှုဒင်က ဘာနာမာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုအခါ အဆိုပါ ဆော့ဖ်ဝဲလ်စီမံကိန်း၏ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း ရှုပာရှုဒင်က ထပ်မံပြောကြားခဲ့သည်။

ထိုဆော့ဖ်ဝဲလ် တီထွင်ခြင်းသည် မလေးရှားနိုင်ငံသားများ အသိပညာများ တိုးတက်ရန်ဖြစ်ကြောင်း၊ ဆင်းရဲချမ်းသာအလွှာခြားနားမှုကို လျော့နည်းနိုင်သမျှ နည်းစေရန် ဖြစ်ကြောင်း၊ လူတိုင်း အသိပညာဗဟုသုတတန်းတူရည်တူရရှိနိုင်ရန်ဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

တစ်ချိန်တည်းမှာပင် ဆော့ဖ်ဝဲလ်တွင် ချို့ယွင်းချက် အချို့ရှိခြင်းကြောင့် ဆော့ဖ်ဝဲလ်သုံးစွဲသူများသည် သတင်းအခြေခံ အချက်အလက်သာရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ဝန်ခံပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဘုရှ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများနှင့်ပတ်သက်၍ အမည်ဆိုးဖြင့် ထင်ရှားနေသော ဂွာတာနာမိုအမေရိကန် အကျဉ်းစခန်းကို မတ် ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်တွင် ငွေစက္ကူအတုများထွက်ပေါ်၊ ပြည်သူကို အကာအကွယ်ပေးရန် ငွေစက္ကူသစ်ထုတ်မည်

ဒါကာ မတ် ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ပျံ့နှံ့နေသော ငွေစက္ကူအတုများ၏ဒဏ်ကို ပြည်သူများ ခံစားနေရသည့်အဖြစ်မှ အကာအကွယ်ပေးရန် ဗဟိုဘဏ်သည် မကြာမီကာလအတွင်း ငွေစက္ကူအသစ်များကို ထုတ်ဝေသွားရန် စီစဉ်နေကြောင်း သက်ဆိုင်ရာအရာရှိများက မတ် ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အထက်ပါ ငွေစက္ကူအသစ်ထုတ်ဝေမည့် အစီအစဉ်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက ပါလီမန်အမြဲတမ်းကော်မတီသို့ တနင်္ဂနွေနေ့က တင်ပြထားပြီး ထိုကော်မတီကလည်း အစီအစဉ်ကို အတည်ပြုထားသည်ဟု ဆိုသည်။

ထုတ်ဝေမည့် ငွေစက္ကူအသစ်ကို အရောင်အသွေးနှင့် အရွယ်အစားပါ ပြောင်းလဲ၍ ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ အပြောင်းအလဲပြုလုပ်မည့် အချိန်မှာ လာမည့်ဧပြီလလောက်တွင် ဖြစ်ဖွယ်ရာရှိကြောင်း ဗဟိုဘဏ် အထက်တန်းအရာရှိများက ပြောကြားသည်။

ပြောင်းလဲထုတ်ဝေမည့် ငွေစက္ကူ အမျိုးအစားများမှာ ၅၀၀ တာကာတန်ငွေစက္ကူ၊ ၁၀၀တာကာတန်ငွေစက္ကူနှင့် ၅၀တာကာတန်ငွေစက္ကူများ ဖြစ်သည်။

မကြာသေးမီကာလက အိန္ဒိယ နယ်စပ်ဒေသ၊ နိုင်ငံ၏ မြို့တော်နှင့် စစ်တကောင်းမြို့များတွင် ငွေစက္ကူ အတုပြုလုပ်သော ဂိုဏ်းအချို့ကို ရဲတပ်ဖွဲ့က နှိမ်နင်းနိုင်ခဲ့သည်။ ယင်း ကိစ္စနှင့်ပတ်သက်၍ ငွေစက္ကူအတု ပြုလုပ်သူခြောက်ဦးကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဝက်သက်ကာကွယ်ဆေးထိုးနှံရေး မိဘများကို တိုက်တွန်း

စင်ကာပူ မတ် ၁၄

စင်ကာပူနိုင်ငံ၌ ကလေးများအား ဝက်သက် ကြိုတင်ကာကွယ်ဆေး ထိုးနှံပေးထားရန် ကလေးမိဘများကို တိုက်တွန်းထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်ကို ကိုးကားလျက် ချန်နယ်နယူးစ်အာရှ သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ကြိုတင်ကာကွယ်ဆေး ထိုးနှံနှုန်း ၉၅ ရာခိုင်နှုန်းထက်လျော့နည်းပါက ဝက်သက်ရောဂါ ကျရောက်မှု ဖြစ်ပွားနိုင်သည့် အလားအလာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည်။

ကြိုတင်ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကလေးများကို အကာအကွယ်ပေးရန်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် ဝက်သက်ရောဂါဖြစ်ပွားသူ ၃၃ဦးရှိခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် ဝက်သက်ရောဂါ ဖြစ်ပွားသူ ၂၀၀၀ ကျော်ရှိခဲ့ကြောင်း ဝန်ကြီးဌာနက ကြေညာသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းရှိ ပါတူစီရာအထိမ်းအမှတ် မုခ်ဦးကို မတ် ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံတွင် မိုးကြိုးမုန်တိုင်းကျရောက်နိုင် မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်

ဗန်ကောက် မတ် ၁၄

ထိုင်းနိုင်ငံနေရာဒေသ အများအပြားနှင့် ဗန်ကောက်မြို့တော်ဒေသများတွင် နွေရာသီကာလမိုးကြိုးမုန်တိုင်းကျရောက်နိုင်ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ထိုင်းသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ထိုမုန်တိုင်းသည် နိုင်ငံ၏အရှေ့ မြောက်ပိုင်းဒေသများတွင် ကျရောက်မည်ဖြစ်ပြီး အချို့နေရာများတွင် မိုးသီးများပင်ကြွေနိုင်ကြောင်း သတိပေးထားသည်။ ယင်းမုန်တိုင်းသည် အရှေ့မြောက်ပိုင်းဒေသ၌ ဦးစွာကျရောက်ပြီး ထိုမှနိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့်အလယ် ပိုင်းဒေသများဆီသို့ ဆက်လက်ပျံ့နှံ့သွားဖွယ်ရာရှိသည်ဟုဆိုသည်။

မတ် ၁၄ရက်နှင့် ၁၆ရက်များအတွင်း ထိုင်းပင်လယ်ကွေ့တွင်ခြောက်ပေမှ ၁၀ပေခန့်အထိရှိသောလှိုင်းများ ထနိုင်ပြီး မိုးကြိုးမုန်တိုင်းလည်း တိုက်ခတ်နိုင်သဖြင့် လှေ၊သင်္ဘောများအနေဖြင့် ဒေသဆိုင်ရာမိုးလေဝသကြေညာချက်များကိုလေ့လာပြီးမှ ပင်လယ်ပြင်သို့ ထွက်ကြရန်ကိုပါ သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှား စိတ်ချရသည့် ပင်လယ်ရေလမ်းကြောင်းတည်ထောင်မည်

မနီလာ မတ် ၁၄

ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ ရေတပ်များသည် နိုင်ငံတကာရေပိုင်နက်တွင် အကြမ်းဖက်သမားများ၊ ပင်လယ်ဓားပြများနှင့် နိုင်ငံတကာမှ ပြစ်မှုကျူးလွန်သူများအား နှိမ်နင်းရန်ကြိုးပမ်းသည့်အနေဖြင့် လုံခြုံစိတ်ချရသည့် ပင်လယ်ရေကြောင်း သွားလာရေးလမ်းကြောင်း တည်ထောင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး အဗီလီနိုခရုဇ်က တနင်္လာနေ့တွင် ပြောကြားသည်။

အနီးကပ်လေ့လာစောင့်ကြည့်ရေး အစီအစဉ်ကို လာမည့်လအနည်းငယ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းမှ အင်ဒိုနီးရှားနှင့် မလေးရှားကျွန်းစုများသို့ဆက်သွယ်သည့်ပင်လယ်ရေကြောင်း သွားလာရေးလမ်းကြောင်းကို အသုံးပြုမည် ဖြစ်ကြောင်း ခရုဇ်က သတင်းထောက်များအား ပြောကြားသည်။

ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှား ဆက်သွယ်ထားသည့် လမ်းကြောင်းအပြင်ဘက်သို့သွားသည့် မည်သည့်သင်္ဘောကိုမဆို ထိထိရောက်ရောက် စစ်ဆေးရှာဖွေမည်ဖြစ်ကြောင်း ခရုဇ်က ပြောကြားသည်။**အမ်အင်အေ၊ ဆင်ဟွာ။**

နယူးဇီလန်၌ မြေငလျင်လှုပ်

ဝယ်လင်တန် မတ် ၁၄

နယူးဇီလန်နိုင်ငံမြောက်ပိုင်း ဝန်ဂါနီဒေသ၌ စနေနေ့ နံနက်ပိုင်းတွင် အင်အား ပျော့သည့် မြေငလျင်အကြိမ်ကြိမ်လှုပ်ခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပထမမြေငလျင်မှာ ဝယ်လင်တန်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၃၀အကွာရှိနေရာ၌ ဒေသစံတော်ချိန် နံနက် ၅၅မိနစ် တွင် လှုပ်ခဲ့ပြီး ပြင်းအား ၄ဒသမ ၁ ရစ်ချ်တာစကေးရှိသည်။ အဆိုပါနေရာ၌ပင် ပြင်းအား ၄ဒသမ၅ရစ်ချ်တာစကေးရှိ ဒုတိယမြေငလျင်သည် နံနက်၃နာရီ ၁၇ မိနစ်တွင်လည်းကောင်း၊ ပြင်းအား ၃ဒသမ ၈ရစ်ချ်တာစကေးရှိ တတိယမြေငလျင်သည် နံနက် ၅နာရီ ၂၇မိနစ်တွင်လည်းကောင်း၊ ပြင်းအား ၄ဒသမ၂ရစ်ချ်တာစကေးရှိ စတုတ္ထမြေငလျင်သည် နံနက် ၈နာရီ ၁၀မိနစ်တွင်လည်း ကောင်း အသီးသီးလှုပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီး၌ ယာဉ်တိုက်မှုဖြစ်၊ ၁၁ဦးသေ၊ ၁၉ဦးဒဏ်ရာရ

ရီအိုဒီဂျနေးရိုး မတ် ၁၄

ဘရာဇီးနိုင်ငံမြောက်ပိုင်း ဘာဂီယာ ပြည်နယ်၌ ဘောလုံးဝါသနာရှင်များလိုက်ပါလာသော ဘတ်စ်ကားအသေး တစ်စီးနှင့် အဝေးပြေးကားတစ်စီးတို့ တိုက်မိရာ လူ ၁၁ ဦးထက်မနည်းသေဆုံးပြီး ၁၉ဦး ဒဏ်ရာရရှိခဲ့ကြ သည်ဟု ရဲတပ်ဖွဲ့က မတ် ၂ရက်တွင် ပြောကြားခဲ့သည်။

ဘာဂီယာပြည်နယ် ဆယ်လ်ဗာဒိုမြို့ အရှေ့မြောက် ကီလိုမီတာ ၆၀၀ အကွာ ကာဆာနိုဗာမြို့၌ မတ် ၁၁ ရက်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဘတ်စ်ကားအသေး၏ယာဉ်မောင်း သည် အရက်အနည်းငယ်သောက် ထားသည်ဟု ယူဆရကြောင်း၊ အခြား ယာဉ်တစ်စီးကိုရှောင်ရန် ကြိုးစားစဉ် အဝေးပြေးကားနှင့် တိုက်မိခြင်းဖြစ်ကြောင်း၊အခင်းဖြစ်ပွားပြီးနောက် အဆိုပါယာဉ်မောင်း ထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့က ပြောဆိုခဲ့သည်။

ဘတ်စ်ကားပေါ်တွင် လိုက်ပါလာကြသူများသည် အနီးနားရှိမြို့သို့ ဘောလုံးပွဲကြည့်ရန်အသွား ယာဉ်တိုက်မှုဖြစ်ရခြင်းဖြစ်ပြီး ခရီးသည် ကိုးဦးသေဆုံးကာ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အိန္ဒိယနိုင်ငံ အလာဟာဘတ်မြို့တွင် ကလေးငယ်များ ရိုးရာဓလေ့အရ အရောင်ဆိုးထားသောရေများဖြင့် တစ်ဦးကိုတစ်ဦး ပျော်ရွှင်စွာ ပက်ဖျန်းကစားနေကြသည်ကို မတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားရဟတ်ယာဉ်ပျက်ကျ တစ်ဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရ

မော်စကို မတ် ၁၄

စနေနေ့က ရုရှားနိုင်ငံ အနောက်မြောက်ဘက်တွင် လူ ၁၉ ဦး စီးနင်းလိုက်ပါလာသော ရဟတ်ယာဉ်ပျက်ကျရာ ထိုယာဉ်ပေါ်တွင် ပါလာသူတစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရကြောင်း ရုရှားသတင်းဌာနများက ပြောကြားသည်။

ရဟတ်ယာဉ်အမှုထမ်း သုံးဦးနှင့် ခရီးသည် ၁၆ ဦး တင်ဆောင်လာသည့် "အမ်အိုင်-၈" ရဟတ်ယာဉ်သည် နီနက်တိုက်ရိုက်အုပ်ချုပ်ရေးဒေသရှိ ဗရန်ဒီမြို့ပေါ်သို့ ပျက်ကျသွားခြင်းဖြစ်သည်။ တစ်ဦးသေဆုံးပြီး ဒဏ်ရာရသူများကို ဆေးကုသမှုခံယူရန်အတွက် ဆေးရုံများသို့ ခေါ်ဆောင်သွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆီးရီးယားဘဏ်ကို ကန့်သတ်အရေးယူမှု အမေရိကန်က နိုင်ငံရေးအရ ဆုံးဖြတ်လုပ်ကိုင်မှုသာဖြစ်ဟုဆို

ဒမတ်စကတ် မတ် ၁၄

ဆီးရီးယားဘဏ်အပေါ် အမေရိကန်က အရေးယူကန့်သတ်မှုနှင့်ပတ်သက်၍ ဆီးရီးယားဘဏ္ဍာရေးဝန်ကြီး မိုဟာမက်အယ်လ်-ဟူစိန်က တနင်္လာနေ့က အပြင်းအထန်ဝေဖန်ပြောကြားလိုက်ပြီး ယင်းလုပ်ရပ်သည် ဘဏ္ဍာရေးဆိုင်ရာ အကြောင်းချင်းရာများကြောင့်မဟုတ်ဘဲ နိုင်ငံရေးအရ လှုံ့ဆော်သည့်အနေဖြင့် ပြုလုပ်ခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

ဝေဖန်ပြောကြား

ဆီးရီးယားနိုင်ငံ၏မြို့တော် ဒမတ်စကတ်တွင် စတင်ကျင်းပသည့် အစ္စလမ္မစ်နိုင်ငံများ၏ ဘဏ်လုပ်ငန်းဆိုင်ရာ ညီလာခံအဖွင့်မိန့်ခွန်းပြောကြားရာတွင် ဘဏ္ဍာရေးဝန်ကြီးက ဖော်ပြပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။

အဆိုပါ ညီလာခံသို့ အာရပ်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဗြိတိန်၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အမေရိကန်ဘဏ္ဍာရေးဌာနများအနေဖြင့် ဆီးရီးယားနိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ အပ်ငွေများအပေါ် ဘဏ်စာရင်းဖွင့်ခြင်း၊ အပ်နှံငွေများဆက်လက်ထားရှိခြင်း မပြုလုပ်ရန် အမေရိကန်ဘဏ္ဍာရေးဌာနမှ ကြာသပတေးနေ့က ပိတ်ပင်တားမြစ်ထားသည်။

ပယ်ချ

ဆီးရီးယားကူးသန်းရောင်းဝယ်ရေးဘဏ်သည် အကြမ်းဖက်သမားများကအီရတ်ရေနံကဏ္ဍမှ တရားမဝင် ရရှိသည့်ငွေများ ခဝါချပြီး ငွေအထုတ်အသွင်းပြုလုပ်နေသည့်ဘဏ်ဖြစ်သည်ဟု အမေရိကန်အစိုးရက ပြောကြားသည်။ အမေရိကန်၏ ဆုံးဖြတ်ချက်သည် အခြေခံအားဖြင့် နိုင်ငံရေးအရ ကျေနပ်မှုမရှိ၍ ဆုံးဖြတ်လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ဆီးရီးယားအစိုးရအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်လှုပ်ရှားမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး အမေရိကန်၏စွပ်စွဲချက်ကိုပယ်ချလိုက်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့တွင် ဗြိတိသျှမဓနသဟာယအဖွဲ့ဝင်နိုင်ငံများ၏ အားကစားပွဲတော်ဖွင့်ပွဲကို မတ် ၁၅ရက်က ကျင်းပနေသည်ကို တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျပန်အဖွားအိုထံမှငွေလုသူ တောင်းပန်စာပို့မိ၍အဖမ်းခံရ

တိုကျို မတ် ၁၄

ဂျပန်နိုင်ငံအနောက်ပိုင်း မီဆာတိုမြို့တွင် နေထိုင်သူအဖွားအိုတစ်ဦး၏ အိမ်အတွင်းအဓမ္မဝင်ရောက်ပြီး ဓားပြတိုက်ခြိမ်းခြောက်ကာ ငွေများကို လုယူသွားသူက အဖွားအိုထံသို့ မှားယွင်းပြုလုပ်မိကြောင်း တောင်းပန်စာရေးမိသည့်အတွက် ရဲတပ်ဖွဲ့က ခြေရာခံနိုင်ခဲ့သဖြင့် အဖမ်းခံခဲ့ရကြောင်း အင်အိတ်ချ်ကေရုပ်သံသတင်းဌာနတွင် ဖော်ပြခဲ့သည်။ထိုလူဆိုးမှာ အသက်၇၈ နှစ်အရွယ် အဖွားအိုထံမှ ယန်းငွေ ၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၅ ဒေါ်လာ)ကို လုယက်ယူငင်သွားခဲ့သည်။ ထို့နောက် မကြာမီမှာပင် ငွေများကို ပြန်ပို့ပေးပြီး မှားယွင်းပြုလုပ်မိကြောင်း တောင်းပန်စာပေးပို့ခဲ့သည်။အဆိုပါတောင်းပန်စာတွင် ပါရှိသော လက်ရေးကြောင့် ရဲတပ်ဖွဲ့က ငွေလုသွားသူကို ခြေရာခံမိသွားပြီး ဖမ်းမိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့တွင် စိန်ပြောင်းဖြင့် ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော အပျက်အစီးများကို မတ် ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ပစ်ခတ်မှုဖြစ်ပွား ငါးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၄

ဘဂ္ဂဒက်မြို့၌ မတ် ၁၂ရက်တွင် စိန်ပြောင်းဖြင့်ပစ်ခတ်မှု သုံးခုနှင့် ကားပေါ်၌ ပစ်ခတ်မှုတို့ ဖြစ်ပွားခဲ့ခြင်းကြောင့် အီရတ်အရပ်သား ငါးဦးသေဆုံးပြီး ဒဏ်ရာရရှိသူရှစ်ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့အလယ်ပိုင်း မာဟာလက်အယ်လ်-သာဟက်ဒေသရပ်ကွက်အနီးရှိ အိမ်သုတ်ဆေး အရောင်းဆိုင်သို့ စိန်ပြောင်းကျည် ကျရောက်ခဲ့ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဘဂ္ဂဒက်မြို့ အရှေ့ဘက် ဂျမီလာဒေသအနီး အိမ်တစ်အိမ်သို့ ထပ်မံ၍ စိန်ပြောင်းကျည်ကျရောက်ခဲ့ရာ အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ထို့အပြင် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဇာမာရာနီရက်ဒေသသို့လည်းစိန်ပြောင်းကျည်ကျရောက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ဖော်ပြခဲ့သည်။

မတ် ၁၂ ရက်တွင်လည်း ဘဂ္ဂဒက်မြို့တောင်ပိုင်း ဘာရာဒေသ၌ မည်သူမှန်းမသိသောသူများက အရပ်ဘက်သုံးကားတစ်စီးပေါ်မှ တိုယိုတာကားကို သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ကားပေါ်ပါလာသူ သုံးဦးသေဆုံးခဲ့ကြောင်းသိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ပစိဖိတ်သမုဒ္ဒရာအတွင်းဖမ်းဆီးရမိသော ရေဘဝဲမကင်းမွန်ကြီးကို မတ် ၁၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗင်းနစ်ယဉ်ကျေးမှုကြွေဒင်္ဂါးများ ဆိုက်ပရပ်စ်နိုင်ငံ၌ တူးဖော်ရရှိ

နီကိုးရှား မတ် ၁၄

ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှား မြို့ဟောင်းတူးဖော်စဉ်အတွင်း အီတလီဗင်းနစ်ယဉ်ကျေးမှုလက်ရာကြေးဒင်္ဂါး ၃၀၀ မှ ၄၀၀ အထိ တူးဖော်ရရှိခဲ့ကြောင်း ဒေသခံသတင်းဌာနက တနင်္ဂနွေနေ့က ဖော်ပြသည်။

အဆိုပါကြေးဒင်္ဂါးများကို အော့တိုမန်ရေချိုးခန်းအဆောက်အအုံ နေရာဟောင်းအနီးတွင် မိလ္လာဌာနအတွက် အဆောက်အအုံသစ်များ ဆောက်လုပ်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ကြေးဒင်္ဂါးများတွေ့ရှိခြင်းသည် ဆိုက်ပရပ်စ်တွင် အော့တိုမန်အင်ပါယာထူထောင်စဉ် ကာလအစဦးပိုင်းက အဆိုပါ ရေချိုးခန်းဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အော့တိုမန်ငွေကြေးထုတ်လုပ်သုံးစွဲခြင်း မပြုခဲ့သေးသည့်အချိန်ကဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရှိသည်။ ဆိုက်ပရပ်စ်တွင် ဗင်းနစ်ယဉ်ကျေးမှုသည် ၁၄၈၀ ပြည့်နှစ်မှ ၁၅၇၁ခုနှစ် အထိ ကြာမြင့်ခဲ့သည်။

အော့တိုမန်ရေချိုးခန်း အဆောက်အအုံကို ၁၅၇၁ ခုနှစ်မှ ၁၅၇၈ ခုနှစ် အတွင်း ဆောက်လုပ်နိုင်ဖွယ်ရှိပြီး ယင်းကာလတွင် ဗင်းနစ်ယဉ်ကျေးမှုကြေးဒင်္ဂါးများကို အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု ရှေးဟောင်းယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူး ဖီယူရင်ဇိုက ပြောကြားသည်။

အဆိုပါ ကြေးဒင်္ဂါးများကို ပြည်သူလူထုလေ့လာနိုင်ရန်အတွက် ဆိုက်ပရပ်စ်ပြတိုက်တွင် ထားရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ပို့အား ၃၃၀ ရှိ ဓာတ်ကြိုးပေါ်တွင် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး ၂၄နာရီနေခဲ့ လျှပ်စစ်ဓာတ်အားပေးဌာနမှ ကယ်တင်ခဲ့ရ

လေဂို့စ် မတ် ၁၃

အသက် (၂၁)နှစ်ရှိ အဝတ်အစားမပါသူအမျိုးသားတစ်ဦးသည် နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျားပြည်နယ် ဂတ်ဆာဆီကျေးရွာ၌ ဗို့အား ၃၃၀ ရှိ ဓာတ်ကြိုးပေါ်တွင် ၂၄နာရီကြာနေထိုင်ခဲ့ပြီးသည့်နောက် ကယ်တင်သူနှစ်ဦးကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရကြောင်းနိုင်ဂျီးရီးယားသတင်းစာတစ်စောင်ကရေးသားသည်။

ငါးသည် ကာမာဒူဆိုသူဖြစ်ပြီး ဂတ်ဆာဆီကျေးရွာရှိ လျှပ်စစ်ဓာတ်အားလိုင်း ကြိုးကို ဇွဲနဘဲကြီးစွာဖြင့် ကိုင်ထားသည်ကို နွားကျောင်းသားများက ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် တွေ့ရှိခဲ့ကြသည်။

ပြောကြား

ကာမာဒူကို ဓာတ်ကြိုးကိုင်နေရာမှ အောက်သို့ဆင်းလာရန် လူအများက ကြိုးပမ်းကြသော်လည်း အောင်မြင်မှုမရှိခဲ့ကြကြောင်း၊ ငါးသည် အဆိုပါဓာတ်ကြိုးပေါ်သို့ မည်သို့မည်ပုံရောက်နေသည်ကိုလည်း မသိရကြောင်း ရွာသူကြီးတစ်ဦးက ပြောကြားသည်။

ရေဓာတ်ကုန်ခန်း

လျှပ်စစ်အားပေးဌာနက လျှပ်စစ်ဓာတ်အားပေးမှုကို ရပ်ဆိုင်းခဲ့ပြီး နောက်တာဝန်ရှိသူနှစ်ဦးက ကြိုးနှင့် လှေကားယူကာ အဆိုပါ လူကိုကယ်တင်ခဲ့သည်။ ငါးသည် ရေဓာတ်ကုန်ခန်းနေသည်ဟု သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ငါးကို အနီးရှိဆေးရုံသို့ ခေါ်ယူသွားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျိမ်းစဘွန်းမင်းသားရှောင်ကွန်နရီ ကျောက်ကပ်မှ အကျိတ်ခွဲစိတ်ရန် နယူးယောက်ဆေးရုံသို့ တက်ရောက်

နယူးယောက် မတ် ၁၄

ဂျိမ်းစဘွန်းမင်းသားရှောင်ကွန်နရီသည် ကျောက်ကပ်အတွင်းအကျိတ်ဖယ်ရှားရန်အတွက် နယူးယောက်မြို့တွင် ရောက်ရှိခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်က ခွဲစိတ်မှုခံယူခဲ့ပြီး ယခုအခါ ငါး၏ကျန်းမာရေး ကောင်းမွန်ကြောင်း ဆရာဝန်များက မှတ်ချက်ချထားသည်ဟု ငါး၏ ကိုယ်စားလှယ်တစ်ဦးက တနင်္လာနေ့ တွင်ပြောကြားသည်။

မူရင်းဂျိမ်းစဘွန်းရုပ်ရှင်ကားများဖြစ်သည့် "ဒေါက်တာနိုး"၊ "ဖရွမ်ရုရှားဝစ်လပ်ဖ်"၊ "ဂိုးဖင်းဂါး"စသည့်ဓာတ်ကားများဖြင့် ရှောင်ကွန်နရီ၏အမည်သည် ကျော်ကြားခဲ့ခြင်းဖြစ်သည်။

ငါးသည် စကော့လူမျိုးတစ်ဦးဖြစ်ပြီး အသက် ၇၅နှစ်ရှိပြီဖြစ်သည်။

ရှောင်ကွန်နရီ၏ကျောက်ကပ်မှ အကျိတ်ဖယ်ရှားရန် ခွဲစိတ်ခဲ့ရကြောင်း၊ ငါးသည် နယူးယောက်ရှိ ဆေးရုံတွင် ရက်သတ္တတစ်ပတ်ခန့်သာ နေထိုင်ခဲ့ရကြောင်းယခုအခါ ဘဟားမားရှိ ငါး၏ နေအိမ်သို့ရောက်ရှိသွားပြီဖြစ် ကြောင်း ငါး၏ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး နန်စီဆယ်ဇာက ပြောကြားသည်။

ရှောင်ကွန်နရီအား နောက်ထပ်ဆေးကုသရန်မလိုအပ်တော့ကြောင်း၊ ယခုအခါ ငါးသည်ကျန်းမာရေးကောင်းမွန်ပြီဖြစ်ကြောင်း ငါးက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာကို ပယ်ချ

ရှေ့ဖုံးမှ

လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးမှ အဖွဲ့အစည်းအများစုသည် ဥပဒေဘောင်အတွင်း ဝင်ရောက်နေကြသည်နှင့်အညီ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရချိန်ကစ၍ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများ ရရှိနေပါသည်။ အစိုးရသည် ထိုအဖွဲ့အစည်းများနှင့်လက်တွဲကာ ၎င်းတို့ နေထိုင်ကြသည့် အစွန်အဖျား နယ်စပ်ဒေသများတွင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် လျစ်လျူရှုထားခြင်းခံနေရသည့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းများ မြှင့်တင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါသည်။

၂၀၀၅ ခုနှစ်အတွင်း အမျိုးသားညီလာခံကြီးကို နှစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းမည့်မူကြီးများအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အတည်ပြု ချမှတ်ခြင်းများအတွက် တိုးတက်မှုများ အထင်အရှား ရရှိခဲ့ပါသည်။ ထိုညီလာခံသို့ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များပါဝင်သည့် ကိုယ်စားလှယ် တစ်ထောင်ကျော် တက်ရောက်ခဲ့ကြပါသည်။

အစိုးရသည် ပြည်သူလူထုကြီး တစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ကျန်းမာရေးနှင့် ပညာရေးအပါအဝင် လူမှုရေး ဝန်ဆောင်မှု ကဏ္ဍများတွင် တိုးတက်မှုများလည်း ရရှိနေပါသည်။

မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကထက် မည်သည့်ပြည်ပနိုင်ငံကမှ ပို၍ သယ်ပိုးဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက် တစ်ရပ်သာ ဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။ အဆိုပါအစီရင်ခံစာသည် မြန်မာအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများကို မသိကျိုးကျွန်ပြုထားပါသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့
ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ မတ်လ ၁၅ ရက်

ရှေ့ဖုံးမှ

လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံ တပ်ရင်းညွှန်ခန်းမဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ရွှေမြင်တင်-ဘွက်၊ ပိန်းအင်း-နတ်တောင်ကျေးရွာ၊ ဘော်-ကင်းသာလမ်းပိုင်းအထိ တစ်ကြောင်းထိုး လမ်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်းနားရွာအနောက်ဘက် မြင်းနားချောင်းအနီး စက်ယန္တရားများဖြင့် ရေပေးမြောင်းလက်တံ ကျောက်စီပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝမ်းတို့က ရေပေးမြောင်းပြုပြင်မှုနှင့် ကြေးနီကန်သို့ ရေဖြည့်တင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကျည်းကုန်းကျေးရွာသို့ရောက်ရှိ၍ လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး (တပ်ကုန်း) ကင်းသာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ဝါးကုန်း-တွင်းရာ၊ ဘော်-ကင်းသာ၊ နောင်ခမ်းကျေးရွာတို့၌ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေသည့် အခြေအနေကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျန်ရှိနေသည့် လမ်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သံအမတ်ကြီးများနှင့် စစ်သံမှူးများ လေ့လာ

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဇဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အသီးသီး လာရောက်ကြည့်ရှုလေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြပွဲ၌ ခင်းကျင်းပြသမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ဆေးနှင့်ဆေးပစ္စည်း အလုပ်ရုံ ဆွေးနွေးပွဲဖွင့်

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စများနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ် (၆)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉၁/၉၃)၊ ၄၉လမ်းရှိ မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း ခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းမှူး ဒေါက်တာ မိမိကိုက သင်တန်းတွင်လိုက်နာရမည့် အချက်များကို ဖတ်ကြားတင်ပြသည်။

(ကြေးမုံ)

မိုးကုတ်မြို့ ရွှေဘုံသာရပ်နေ ဦးချို-ဒေါ်ငွေး၊ သား ဦးသန်းမောင်-ဒေါ်ခင်ဝင်းလှိုင် (နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်၊ ယုဇနပလာဇာ ပထမထပ်)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၁၀၀၆ဦး လာရောက်ကြည့်ရှု

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဇဟိုကော်မတီက ကြီးမှူး၍ ယနေ့စတင်ကျင်းပသည့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ ယနေ့ညနေ ၄ နာရီတွင် ပြည်ပ ၁၀နိုင်ငံမှ ရတနာကုန်သည် ၃၆၉ဦးနှင့် ပြည်တွင်း ရတနာကုမ္ပဏီ ၂၄၃ခုမှ နိုင်ငံသားရတနာကုန်သည် ၆၃၇ဦး စုစုပေါင်း ရတနာကုန်သည် ၁၀၀၆ဦးတို့ လာရောက်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ယနေ့စတင်ကျင်းပသော ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများသည် ယခင်နှစ်ပြပွဲများ၌ ခင်းကျင်းပြသထားသည်တို့ထက် အရည်အသွေး ထူးခြားကောင်းမွန်ခြင်း၊ အရေအတွက် ပိုမို များပြားခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ပိုမိုစိတ်ဝင်စားကြပြီး အများအပြား လာရောက်ကြခြင်းဖြစ်သည်။ ဆက်လက်၍ မတ် ၁၆ရက်နှင့် ၁၇ရက်တို့တွင်လည်း ရတနာကုန်သည်များ ထပ်မံရောက်ရှိကြမည်ဖြစ်သည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏ အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့်သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ **လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ **ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ**

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ **ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်**

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများမဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့်သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သတင်းစာများ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြောင်းလဲတိုးတက်ရေး စနစ်တကျ အစီအမံများပြုလုပ်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါ၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် The New Light of Myanmar **သတင်းစာတိုက်များသို့ ယမန်နေ့ ညပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးတို့ကို တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ကြိုဆို

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ည ၈ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၅၃)ရှိ မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိလာရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံရာစာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် မန်နေဂျာ ဦးဇော်ဝင်းတို့က သတင်းစာတိုက် လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် စီမံဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ည ၁၀ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့်၅၂လမ်းထောင့် အမှတ် (၇၇) ရှိ ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကြေးမုံသတင်းစာတိုက် ကွန်ပျူတာစာစီခန်း၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ စာတည်းမှူးချုပ် ဦးမြင့်ဆွေနှင့် မန်နေဂျာ ဒေါ်ခင်ညိုဝင်းတို့က ကြေးမုံသတင်းစာတိုက်၏ လုံခြုံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သတင်းစာပုံနှိပ် လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ထမ်းများအား အမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကြေးမုံသတင်းစာ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်သို့ ည ၁၁ နာရီ မိနစ် ၂၀ တွင် ရောက်ရှိရာ စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံပြီး စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ မန်နေဂျာ ဦးထွန်းထွန်းလတ်နှင့် တာဝန်ရှိသူတို့က The New Light of Myanmar သတင်းစာတိုက်၏ ထုတ်လုပ်မှု လုပ်ငန်းများနှင့် စီမံရေးရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဝန်ထမ်းများအား အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကွန်ပျူတာဌာန Imagesetter နှင့် Plateprocessor တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သတင်းစာတိုက်များ လုံခြုံရေးအတွက် တာဝန်ရှိသူများက စနစ်တကျစီမံကြပ်မတ် ဆောင်ရွက်ရန်နှင့် ဝန်ထမ်း အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်မီးသတ်ကိရိယာများကို လက်တွေ့အသုံးချတတ်စေရေးနှင့် ပစ္စည်းကိရိယာများ ကြံ့ခိုင်ရေးအတွက်လက်တွေ့ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတင်းစာတိုက် ဝန်ထမ်းများသည် နိုင်ငံ၏ အရေးကြီးသည့် Media ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သည်ကို အစဉ် သတိပြုကြ စေလိုကြောင်း၊ ထို့အပြင် ဤဌာန ဝန်ထမ်းများ၏ လုပ်ငန်းသဘာဝမှာ အခြားဝန်ထမ်းများနှင့်မတူဘဲ လုပ်ငန်းများကို ညပိုင်းတွင်မှ နိစ္စဓူဝထမ်းဆောင်ကြရသည့်အတွက် ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့်လည်း ဝန်ကြီးဌာန တာဝန်ရှိသူအဆင့်ဆင့်က ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အစဉ်ကြည့်ရှုဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နေ့စဉ်ထုတ် သတင်းစာများ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အစဉ်အမြဲပြောင်းလဲ တိုးတက်နေစေရေးအတွက် စာတည်းမှူးချုပ်များနှင့် စာတည်းများက သတင်းကွန်ရက် ဖွဲ့စည်းခြင်း၊ သတင်းရှာဖွေ တည်းဖြတ်ခြင်း၊ သတင်းအပြင်အဆင် ဆန်းသစ်ခြင်း စသည်တို့ကို စနစ်တကျ အစီအမံများ ပြုလုပ်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် The New Light of Myanmar သတင်းစာတိုက်မှ ည ၁၂ နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြေးမုံသတင်းစာတိုက်တွင် သတင်းစာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း The New Light of Myanmar **သတင်းစာတိုက်တွင် သတင်းစာထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ပန်းတနော်မြို့ ရွှေမြင်တင်စေတီတော်မြတ်ကြီး၌ ထာဝရငွေပဒေသာပင် သိန်း ၁၀၀လှူဒါန်း

ရန်ကုန် မတ် ၁၅

ပန်းတနော်မြို့နယ် သမိုင်းဝင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချအခမ်းအနားကို ၁၃၆၇ ခုနှစ် တပေါင်းလပြည့် မွန်းလွဲ ၂ နာရီက စေတီတော်မြတ်ကြီး၏ ဓမ္မသဘင်ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်မြို့ အောင်သပြေ ဖယောင်းပုဆိုးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်း(ပန်းတနော်)နှင့် ဇနီး ဒေါက်တာစန်းစန်းရီ မိသားစုတို့က ဖခင်ကြီး (ဦးရွှေဒင်္ဂါး)၊ မိခင် ဒေါ်ကျင်တီတို့အား အမှူးထား၍ ထာဝရငွေပဒေသာပင် ကျပ်သိန်း၁၀၀စိုက်ထူလှူဒါန်းရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ရွှေမြင်တင် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (မြန်အောင်)တို့က လက်ခံရယူသည်။ **(အောက်ဝဲပုံ)**

အလှူရှင်မိသားစု စိုက်ထူလှူဒါန်းသည့် ငွေပဒေသာပင်တန်ဖိုးမှာ ယခင်က ကျပ်ငွေ ၁၀၆ သိန်း လှူခဲ့ပြီး ယခုထပ်မံ၍ ကျပ်ငွေ သိန်း ၁၀၀ စုစုပေါင်း ရွှေမြင်တင်စေတီတော် မြတ်ကြီးအား စိုက်ထူလှူဒါန်းထားသည့်ငွေကျပ် ၂၀၆ သိန်းရှိပြီး ပန်းတနော်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားကြောင်း သိရှိရသည်။

စေတီတော်မြတ်ကြီး၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဥပဋ္ဌာကအဖွဲ့အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း–၀၄၆–၃၀၁၆၀နှင့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးအေးမြင့် ဖုန်း–၀၄၆–၃၀၁၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

အောင်စကြာ မိုးကုတ်ရိပ်သာ တရားစခန်း

ရန်ကုန် မတ် ၁၅

သာကေတမြို့အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ပဓာနနာယက ဆရာတော် ဦးဝိမလဗုဒ္ဓိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ဦးကုသလ၊ ဦးစန္ဒသီရိတို့ကို ဦးအောင်သန်း–ဒေါ်ဖြူဖြူ မိသားစုက သိက္ခာထပ် အလှူကျင်းပမည်ဖြစ်ပြီး ယင်းအလှူ အထိမ်းအမှတ်အဖြစ် ၁၀ ရက် တရားစခန်းကို မတ် ၁၉ ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ရာ တရား စခန်းဝင်လိုသူများသည် မတ် ၁၈ ရက် ညနေအရောက်လာကြရန်နှင့် ရိပ်သာဖုန်း–၅၄၇၀၂၈သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

(က–ပ)

မီးဘေးရှောင် မလောင်ခင်တား

ဝိဇ္ဇာတအလှူမင်္ဂလာ ကျင်းပမည်

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တ ရဋ္ဌသာရမဟာထေရ်၏ သက်တော်(၈၀)ပြည့် သိက္ခာတော်(၆၀)ပြည့် ဝိဇ္ဇာတမွေးနေ့ အလှူမင်္ဂလာပွဲတော်တွင် ကျောင်းတိုက်ကြီး၏ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော်နှင့်နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော ကျောင်းဒါယကာ၊ ဒါယိကာမ ၁၂ဦးတို့အား ချီးကျူးဂုဏ်ပြုခြင်း၊ ဓမ္မပူဇာအဖြစ် မတ် ၁၇ရက်မှ ၁၉ရက်အထိ ဓမ္မသဘင်ကျင်းပခြင်း၊ မတ် ၁၇ရက် (သောကြာနေ့) ညနေတွင်ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်)၊ (မစိုးရိမ်တိုက်သစ်နာယက)၊ မတ် ၁၈ရက်(စနေနေ့) ညနေတွင် ဆရာတော်ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ (သ–စ–အ) ဓမ္မာစရိယပါဠိပါရဂူ မြစ်ကြီးနားမြို့၊ မတ် ၁၉ရက် (တနင်္ဂနွေနေ့) ညနေတွင် ဆရာတော်ဘဒ္ဒန္တ ကုန္ဒပါလ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော်တို့က တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

(က–ပ)

ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀)ပြည့် ပွဲတော်အခမ်းအနားအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) နှစ်(၁၀၀)ပြည့်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇၇) ရေကျော်လမ်းမရှိ ဝိုင်အမ်ဘီအေအသင်းခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ) နှစ်(၁၀၀)ပြည့်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ အလှူရှင် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း(ရွှေနဂါးမင်းကုမ္ပဏီ) က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းဝင်း-ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ) က ငွေကျပ် သိန်း၃၀၊ ဦးစိန်မြင့်-ဒေါ်စန်းကြူ(ဒိုင်းမွန်းစတား) မိသားစုက ငွေကျပ် ၂၅သိန်း၊ ဦးစိန်လှအောင် ဇနီး ဒေါ်ညွန့်ညွန့်ဝင်း(ထွန်းနေလင်းသစ်စက်မိသားစု)က ငွေကျပ်၁၀သိန်း၊ ဝိုင်အမ်ဘီအေအသင်း ဒုတိယဥက္ကဋ္ဌ ဦးရဲထွန်း-ဒေါ်မို့မို့အေးကျော်က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံနှင့် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ရေခဲသေတ္တာတစ်လုံး၊ ဝိုင်အမ်ဘီအေအသင်း ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်နှင့်သားများ (စိန်ရတနာရွှေဆိုင်)က ငွေကျပ်ငါးသိန်း၊ ဦးချူသန်းနှင့် ဇနီး ဒေါ်ဝင်းကြည်တို့အား အမှူးထား၍ မြေလတ်သားကုမ္ပဏီဥက္ကဋ္ဌ ဦးခိုင်စိုး-ဒေါ်ပိတိနို့တို့က ငွေကျပ်ငါးသိန်း၊ ဦးကျော်အောင်နှင့်ဇနီး(ဘယံကုမ္ပဏီမိသားစု)က ငွေကျပ် ၁၀ သိန်း၊ ဝိုင်အမ်ဘီအေအသင်းအမှုဆောင် ဦးမြင့်ထွန်း-ဒေါ်သဲသဲ၊သား ဟိန်းဇင်ထွန်းမိသားစုက ငွေကျပ်ငါးသိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးမောင်မောင် (Asia Express Company) က ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတဓရ သီတဂူ ဦးနိုင်ဦး-သီတဂူ ဒေါ်အေးသိန်း (မိဘရိပ်သစ်စက်)က ငွေကျပ်ငါးသိန်း၊ ပြည့်စုံဦးဝင်းနိုင်-ဒေါ်ချိုချို (ပြည့်စုံဝင်းနိုင်မိသားစု)က ငွေကျပ်ငါး သိန်း၊ ဦးအောင်လွင်(ဥက္ကဋ္ဌ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း)က ငွေကျပ်သုံးသိန်း၊ ဦးတင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ ဘီအာစီကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးအောင်စိုးသာ (မြန်မာကွန်းဗစ်ခ်)က ငွေကျပ်သုံးသိန်း၊ ဦးအင်းယား(First Top Co., Ltd.) က ငွေကျပ်သုံးသိန်း၊ ဦးအောင်သန်းဦး(ဥက္ကဋ္ဌ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း)က ငွေကျပ်သုံးသိန်း၊ ဦးစိုင်းဘဉာဏ်-ဒေါ်ခင်မိမိခိုင်(မောဉသျှောင်ကုမ္ပဏီလီမိတက်)က ငွေကျပ်သုံးသိန်း၊ ဦးထက်ညီ-ဒေါ်ယဉ်ယဉ်မြင့်(မြန်မာဘတ်(စ်)တစ်ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ဦးအောင်မိုးကျော် (IBTC) ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ဦးကျော်အေး Triple "A" Cement Int'l Co., Ltd. က ငွေကျပ်နှစ်သိန်း၊ ဦးမျိုးဦး(ဦးကြူမိသားစုဂျုံစက်)က ငွေကျပ်တစ်သိန်း၊ သီရိပျံချီ ဦးဇော်ဝင်းဇော်-ဒေါ်နီနီယဉ် မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံသည်။

ထို့နောက် ဝိုင်အမ်ဘီအေအသင်း ယာယီဥက္ကဋ္ဌ ဦးခင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါငွေလှူဒါန်းပွဲတွင် အလှူရှင် ၂၃ ဦးတို့က စုစုပေါင်း ငွေကျပ် ၂၄၁ သိန်းကို လှူဒါန်းကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်သတင်းစာ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် မတ် ၁၅

မြန်မာ-တရုတ်နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းမှဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦး ပါဝင်သည့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းမှဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ခေတ္တဦးဆောင် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Guan Mu နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကြိုဆို

မြန်မာ-တရုတ် နှစ်နိုင်ငံ စာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန် ရောက်ရှိလာသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြစဉ်။ (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၅

လေးမျက်နှာ မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲ၊ သာသနာတော်ဆိုင်ရာ ဂုဏဝိသိဋ္ဌပူဇာပွဲ၊ အသက် (၈၀) နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲနှင့် အသင်းဝင်များ၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသော သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဉ့်ငူရပ်ကွက် တောရတပ်ဦးကျောင်းတိုက် (မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ-၇၇)၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ ရန်ကုန်ရောက် လေးမျက်နှာမြို့နယ်သားများ တက်ရောက်ကြရန်နှင့် ဂုဏဝိသိဋ္ဌပူဇာပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတွင် ပါဝင်လှူဒါန်းလိုသူများ၊ ဂုဏ်ထူးရ သားသမီးများအတွက် အမှတ်စာရင်း၊ ထောက်ခံချက်ပေးပို့လိုသူများသည် မတ် ၂၀ ရက်နောက်ဆုံးထား၍ ဦးဘထွေး ဖုန်း-၆၉၉၀၀၃၊ ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းစာရင်းပေးပို့နိုင်ကြောင်းသိရသည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဂုဏ်ပြု

ရန်ကုန် မတ် ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဆရာဒဂုန်သည် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ ဘင်ဂေါတက္ကသိုလ် နက္ခတ်ဗေဒင်သုတေသနစီမံကိန်းမှ ဂုဏ်ထူးဆောင် နက္ခတ်ဗေဒင် ပါရဂူဘွဲ့ (Hony. Doctor of Astrology) (Ph.D)ဘွဲ့ ရရှိသဖြင့် ဂုဏ်ပြုပွဲကို မတ် ၁ ရက် နံနက် ၉ နာရီတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က Dr. ဦးဒဂုန်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး **(အပေါ်ပုံ)** Dr.ဦးဒဂုန်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)သို့ ကျပ်ငါးသောင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ကျပ်ငါးသောင်း စုစုပေါင်း ကျပ်တစ်သိန်းပေးလှူသည်။

(စာပေနှင့်စာနယ်ဇင်း)

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၀၆

(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	"မေတ္တာကိုအခြေပြုနယ်လှည့်လို့ ကုတဲ့ယာဉ်" ဒါးကခရီးစဉ်
၇:၃၀	Blazon Digital Vision
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ (အပိုင်း-၅)
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၈:၂၅	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	လက်ဆင့်ကမ်းဝေ ဂီတအမွေ(စောင်း)
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ကင်ဆာရောဂါ သတိပြုစရာ
၉:၃၀	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀	ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	ရှုချင်စရာ မျက်လှည့်ပဒေသာ
၁၀:၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	မြန်မာ့ရိုးရာခြင်းလုံး အားကစား
၁၁:၁၅	မိုးလေဝသခန့်မှန်းချက်
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ပန်းမှတစ်ဆင့် ပန်းချစ်သူသို့
၁၁:၃၀	လိပ်ပုတ်သင်ညို (Big Headed Turtle)
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	ဝတိ ဖျားမှ နန္ဒာကန် (အပိုင်း-၂)
၁၂:၀၀	MRTV-4 အပိတ် Logo

✻ (၄၃)ကြိမ်မြောက်မှ

အဆိုပါ အဖွဲ့ဝင်များအား (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများအား မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအချောထည်များ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများကိုလည်းကောင်း၊ ပုဂ္ဂလိက ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ် ပန်းချီများကိုလည်းကောင်း၊ ခန်းမအဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများနှင့် ထည်လုံးစိမ်းကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ဈေးပြိုင်ရောင်းချမည့် ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကိုလည်းကောင်း လိုက်လံ ကြည့်ရှုကြရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ရောင်းချသွားမည်

ရှေးဦးစွာ ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရှင်းလင်းပြောကြားရာတွင် ယခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအတွဲများကို တင်ဒါစနစ်နှင့်ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချသွားမည်ဖြစ်ကြောင်း။

(၄၃)ကြိမ်မြောက် ရတနာပြပွဲသို့ တက်ရောက်ရန် နိုင်ငံပေါင်း ၂၄နိုင်ငံမှ ကုမ္ပဏီ ၇၈၂ခုကို ဖိတ်ကြားခဲ့ရာ ယမန်နေ့အထိ နိုင်ငံ ၁၁နိုင်ငံ၊ ကုမ္ပဏီပေါင်း ၇၀ခုမှ ရတနာကုန်သည် ၁၆၅ ဦးတက်ရောက်မည်ဖြစ်ကြောင်း ပြန်ကြားထားကြောင်း၊ ဟောင်ကောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်များသည် ပြန်ကြားလေ့မရှိဘဲ နီးမှ လာရောက်လေ့ရှိကြောင်း၊ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံခြားမှ ရတနာကုန်သည်ပေါင်း ၁၀၀၀ ကျော်တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ထူးခြားသည့် ပြပွဲဖြစ်ကြောင်း၊ ပုလဲအနေနှင့် တောင်ပင်လယ်ပုလဲအဖြစ် ကမ္ဘာတွင် ကျော်ကြား ခဲ့ရာ ယခုပြပွဲတွင် တင်ပြသည့် မြန်မာနိုင်ငံမှ ထွက်ရှိသော ရွှေရောင်ပုလဲများမှာ အရည်အသွေးအထူးကောင်းမွန်ပါကြောင်း၊ ပြပွဲတွင် တင်ပြရောင်းချမည်ဖြစ်ကြောင်း၊ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ပုလဲအတွဲစုစုပေါင်း ၂၅၀တွဲ၊ ပုလဲလုံးရေ ၂၃၈၅၀၊ အလေးချိန် ၁၆၀၃၀ ဒသမ ၁၀မိုမီဖြစ်ကြောင်း၊ ပုလဲအတွဲ ၃၄တွဲအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ပုလဲအတွဲ ၂၁၆ တွဲအား တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း။

ကျောက်စိမ်းအနေဖြင့်အရည်အသွေးကောင်းမွန်သည့် အထည်ကျောက် အရိုင်းတုံးငါးတုံး အပါအဝင် ကျောက်စိမ်းအတွဲ စုစုပေါင်း ၂၄၅၉တွဲ တင်ပြရောင်းချမည်ဖြစ်ကြောင်း။

ယခုပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၂၅၁တွဲ တင်ပြထားရာ မိုင်းရှူး ကျောက်မျက်အတွဲ ၅၁တွဲ နှင့် အခြေခံဈေးယူရှိ ၃ ဒသမ ၅သန်းဖြင့် တင်ပြရောင်းချမည့် ကျောက်ကြီးကျောက်ကောင်း၊ ပတ္တမြားတာ တစ်တွဲအပါအဝင် မိုးကုတ်ကျောက်မျက်အတွဲ စုစုပေါင်း ၂၀၄တွဲဖြစ်ကြောင်း။

လက်ဝတ်ရတနာပစ္စည်းများအနေဖြင့် လက်ဝတ်ရတနာမျိုးစုံ ၁၀၄၅ခုကို ပုံသေဈေးဖြင့် ခင်းကျင်း ပြသရောင်းချသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မိတ်ဆက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းစာဆရာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၃–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၇။ အဆိုပြိုင်ပွဲ
၈း၁၀ ၈။ အကပဒေသာ
၈း၂၅ ၉။ ကချင်ပြည်နယ်မိုးကောင်းတံတား
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use
၄း၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၂၅ ၇။ တေးဂီတအစီအစဉ်
၅း၃၅ ၈။ **"နှင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၅း၄၀ ၉။ တေးဂီတအစီအစဉ်
၅း၅၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည် (ထမံသီဘေးမဲ့တောဥယျာဉ်)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ တေးဂီတအစီအစဉ်
၆း၅၀ ၁၄။ အတီးပြိုင်ပွဲ
၆း၅၅ ၁၅။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း–၁၃)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း–၁၅)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

သံလွင်တံတား (မော်လမြိုင်) မီးရထား ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

❍ သံလွင်တံတားမှ

ဖြစ်ပြီး မီးရထားလမ်းအကျယ်မှာ လူသွားလမ်းနှစ်ဖက် အပါအဝင် ၁၆ ပေရှိ၍ ခွင့်ပြုမီးရထားဝန် အလေးချိန်မှာ (IRS ၁၇ တန်)ဖြစ်သည်။

ယခုအခါ မီးရထား ချဉ်းကပ်တံတားလုပ်ငန်းတွင် မော်လမြိုင် ဘက်ကမ်း၌ အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မုတ္တမဘက်ကမ်း၌ တိုင်ပေါ်သို့ ရက်မ အချောင်း ၂၀ တင်ရန်နှင့် ကြမ်းခင်းနှင့် လက်ရန်း ၂၂ ခန်း သာကျန်ရှိ၍ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်မည်

ရန်ကုန် မတ် ၁၅

ပုသိမ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ ၂၀၀၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုသိမ်ခရိုင် အတွင်းမှ ဆရာတော်ကြီးကိုးပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ဧပြီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် (၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညိုကြပါရန်နှင့် ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း–၂၉၀၄၇၇၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း–၀၉၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း–၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်းအတွင်း ၃၃မြို့နယ်မှ လမ်းများ မိုးမကျမီ လမ်းသားများ မြှင့်တင် တိုးချဲ့လျက်ရှိ

သတင်းမှတ်တမ်း –သတင်းထောက် သန်းဆွေ (ပန်းဘဲတန်း)

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ တစ်နံ၊ တစ်လျား၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆက်သွယ်ရေး လမ်းကြောင်းများကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများဖြင့် ကူးလူးဆက်သွယ်ကြသည်။ မြန်မာနိုင်ငံတွင် ကုန်းလမ်းခရီးကို အများဆုံး အသုံးပြုကြသည်။

နိုင်ငံတစ်ဝန်းတွင် ပြည်ထောင်စုလမ်းမကြီးများ၊ခေတ်မီတံတားသစ်ကြီးများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်နေသကဲ့သို့ ပြည်နယ်၊ တိုင်း၊ ခရိုင်များရှိ မြို့နယ်များတွင် မြို့တွင်း၊ မြို့ပြင်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ကတ္တရာခင်းခြင်း၊ ခရိုင်ချင်းဆက် မြို့ချင်းဆက် လမ်းများကို တိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း ရန်ကုန်မြို့တော်တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနသည် မိမိတာဝန်ယူရသည့် ၃၃ မြို့နယ်အတွက် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၀၆ ခုနှစ် မေ ၃၁ ရက်အတွင်း မိုးကာလမကျမီ အထူးစီမံကိန်း တစ်ရပ်အနေဖြင့် လမ်းသားများ မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပေသည်။

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနသည် ဖော်ပြပါ ကာလအတွင်း ကတ္တရာကွန်ကရစ်ခင်းလမ်း ၂၅လမ်း၊ ကျောက်ချောကတ္တရာ ခင်းလမ်း ၂၅ လမ်း ပြီးစီးအောင် ဆောင်ရွက်ရန် စီမံချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မှုကြောင့် လက်ရှိ အခြေအနေတွင် ကတ္တရာ ကွန်ကရစ် လမ်း ၃၆ လမ်းလုံးဝပြီးစီးသွားပြီး မြို့နယ်ခြောက်မြို့နယ်ရှိ လမ်းခုနစ် လမ်းမှာ ၅၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ဆက်လက်၍ကတ္တရာကွန်ကရစ်ခင်းရမည့် လမ်းများကိုလည်း မိုးမကျမီ ပြီးစီးနိုင်သမျှ ဆက်လက်ခင်းကျင်းသွား မည်ဖြစ်သည်။

ကတ္တရာကွန်ကရစ်ခင်းကျင်းပြီးစီးနေသည့် မြို့နယ်လမ်းများကို တင်ပြရလျှင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်း (ပါရမီလမ်းနှင့် ကမာရွတ်ချောင်းတံတားကြား)၊ ခပေါင်းလမ်း၊ တာမွေမြို့နယ် ဗညားဒလလမ်း (ကျိုက္ကဆံလမ်းနှင့် တာမွေလမ်းငါးခွဆုံကြား) ဗဟန်းမြို့နယ် နတ်မောက်လမ်း (ကမ္ဘာအေးဘုရားလမ်းနှင့် စက်ရုံလမ်းကြား)၊ အနောက်ရွှေဂုံတိုင်လမ်း(ဦးဝိစာရလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းကြား)၊ မင်းကွန်းတောရကျောင်းတိုက်အတွင်းလမ်း၊ ကန်တော်ကြီး Central Forest zoneမင်းကွန်းတောရ ကျောင်းအဝင်လမ်း၊ အမှတ် ၂၁/ G သာသနာ့ရိပ်သာလမ်း၊ ၄၅ ဒီ သာယာဝတီလမ်း၊ ကျောက်တောင်မျှော်စင်အဝင်လမ်း၊ ၅၆/ကမ္ဘာအေးဘုရားလမ်း၊ တာမွေလမ်း ငါးခွဆုံ၊ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်လမ်းဆုံနှင့် လှည်းတန်း ခုံးတံတားကြား၊ မြန်မာအသံနှင့် ရုပ်မြင်သံကြားဝင်း အတွင်းလမ်းများ၊ ဟံသာဝတီဂေါက်လေ့ကျင့်ကွင်း ကားရပ်နားနေရာ၊ နာနတ်တောအတွင်းလမ်း၊ မှော်ဘီမြို့နယ် ရွှေညောင်ပင်အဝင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်း (ဗဟန်းအဝိုင်းနှင့် စက်ရုံလမ်းကြား)၊ မရမ်းကုန်းမြို့နယ် နဝဒေးလမ်း၊ မြကျွန်းသာ ဥယျာဉ် Magic Land၊ လသာမြို့နယ် နှလုံးအထူးကု ဆေးရုံအတွင်းလမ်းများ၊ ရန်ကုန်ပြည်သူ့ဆေးရုံအဝင်/အထွက် လမ်းများ၊ အနော်ရထာလမ်း၊ (၁၇) အောက်လမ်း ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဒဂုံမြို့နယ် အင်ဒိုနီးရှား သံရုံးဝင်း အတွင်းလမ်းများ၊ ရန်ကုန်တိုင်း ညှော့ခန်းမဆောင်ရှေ့ ကားရပ်နားနေရာများ၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် မလိခအိမ်ရာ စီမံကိန်း၊ အလုံမြို့နယ် အလုံစက်မှုဆိပ်ကမ်း အဝင်လမ်းများဖြစ်ပါသည်။ ယနေ့အထိ ကတ္တရာကွန်ကရစ်လမ်း အရှည် ၈၀၇၆၂ပေ ခင်းပြီးဖြစ်သည်။

ကျောက်ချောကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုနှင့် ခင်းကျင်းနေမှုကို ဆက်လက်တင်ပြရလျှင် ကြည့်မြင်တိုင်မြို့နယ်တွင် နတ်စင်လမ်း၊ ဌာနာလမ်း၊စကားဝါလမ်း(ဗဟိုစံပြငါးဈေးအဝင်)၊ ဒဂုံမြို့နယ် အလံပြဘုရားလမ်း၊ အထက(၁)ရှေ့လမ်းသားတိုးချဲ့ခြင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း(အထက်ပန်းဆိုးတန်းနှင့် သိမ်ဖြူလမ်းကြား)၊ ဒလမြို့နယ် အောင်မင်္ဂလာလမ်း၊ သာကေတမြို့နယ် ရန်ပြေ(၅)လမ်း၊ မာန်ပြေ(၁၃)လမ်း၊ ဦးဖိုးကျားလမ်း၊ တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် (၁)လမ်း၊ (၄)လမ်း၊ (၅)လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် သဃ်္ဃန်းကျွန်းဈေးရှေ့၊ မင်္ဂလာဒုံမြို့နယ် (အောင်ချမ်းသာလမ်း အမှတ်(၁)နှင့် (၄)လမ်းကြား စစ်မှုထမ်းဟောင်းဆိုင်ခန်းပတ်လမ်း၊ အောင်မင်္ဂလာ အဝေးပြေးစခန်းဝင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပြည်ထောင်စုလမ်း(လှော်ကားလမ်းနှင့် ဧရာဝဏ်လမ်းကြား)၊ လှော်ကားလမ်း(ကျန်စစ်သားလမ်းနှင့် ဆက်သွယ်ရေးလမ်းကြား)၊ လှော်ကားလမ်း (မောင်းမကန်ကမ်းသာလမ်းနှင့် ပုဂံလမ်းကြား)၊ အမှတ်(၁)လမ်း (ခတ္တာနှင့် မင်းကြီးညိုကြား)၊ အမှတ်(၃)လမ်း (ဂန္ဓမာနှင့် ဘုရင့်နောင်ကြား)၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၂)လမ်း (စီးပွားရေးတက္ကသိုလ်နှင့် မစိုတံတားကြား)၊ အမှတ်(၂)လမ်း၊ စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတောင်/မြောက်လမ်းဆုံ၊ ရွာသာကြီးဘူတာအဝင်လမ်း၊ လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း (အမှတ်–၅လမ်းနှင့် ညောင်တုန်းလမ်းကြား)၊ ဘားအံလမ်း (ညောင်တုန်းလမ်းနှင့် မန္တလေးလမ်းကြား)၊ ရွှေဥဒေါင်းလမ်း(ဗိုလ်ချုပ်လမ်းနှင့် တပင်ရွှေထီးလမ်းကြား)၊ ဟသ်ာတလမ်း+ပုသိမ်လမ်း (ဒဂုံဧရာ အဝေးပြေးစခန်း)နှင့် ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းများ ဖြစ်ပါသည်။ ကျောက်ချောကတ္တရာခင်းလမ်း ပြီးစီးနေမှုမှာ ၂၉လမ်းဖြစ်ပြီး ပေအရှည် စုစုပေါင်းမှာ ၈၇၁၀၉ပေဖြစ်ပြီး ကျန် ၁၂မြို့နယ်တွင် လမ်းပေါင်း ၂၉လမ်းအား ကတ္တရာကျောက်ချောလမ်း ခင်းကျင်းတည်ဆောက်နေမှုမှာ ၂၀ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်သည်။ မိုးကာလမရောက်မီ ကတ္တရာကွန်ကရစ်လမ်းနှင့် ကျောက်ချောကတ္တရာလမ်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ခင်းကျင်း သွားမည်ဖြစ်ကြောင်း သိရပါသည်။ ။

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) လက်ထောက်ဌာနမှူး အင်ဂျင်နီယာ ဦးမြင့်တင် ဦးဆောင်၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ပေအရှည် ၁၀၅၀၀၊ အကျယ် ၂၄ပေရှိ ပင်လုံလမ်းမကြီးအား လေးလမ်းမောင်း ၄၈ပေ အကျယ် ချဲ့ထွင်တည်ဆောက် ပြီးစီးနေသည့် လမ်းအပိုင်းအား တစ်မျှော်တစ်ခေါ် တွေ့ရစဉ်။

မြန်မာနိုင်ငံအလယ်ပိုင်း၌ ကြက်သေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်မှု သတင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံအလယ်ပိုင်း၌ ဖြစ်ပွားခဲ့သော ကြက်များသေဆုံးမှုနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန် ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ အဆိုပါ သတင်းထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကြက်များသေဆုံးမှုသတင်း

၁။ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ရွှေဘိုမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် မွေးမြူရေးဥစားကြက်များ သေဆုံးမှုသတင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းဖြစ်ပွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်-

စဉ်	မြို့နယ်	ဖြစ်ပွား ကာလ	ဖြစ်ပွား ကြက်ခြံ	မွေးမြူ ကောင်ရေ	သေဆုံးကြက် ကောင်ရေ	သေဆုံး ရာခိုင်နှုန်း
(က)	ရွှေဘို အရှေ့ပိုင်း	၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်	၂၆	၈၁၀၀	၁၅၀၀	၈ ရာခိုင်နှုန်း
(ခ)	ကန့်ဘလူ ဇီးကုန်း	၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်	၃	၁၂၀၀၀	၁၂၀၀	၁၀ ရာခိုင်နှုန်း
(ဂ)	ခင်ဦး	၂၀၀၆ ခုနှစ် မတ်လ ပထမပတ်	၁	၁၀၅	၅	၄ ရာခိုင်နှုန်း
(ဃ)	ပြည်ကြီးတံခွန်	၂၀၀၆ ခုနှစ် မတ်လ ဒုတိယပတ်	၁	၇၈၄	၁၁၂	၁၄ ရာခိုင်နှုန်း
			၃၁	**၃၀၉၈၉**	**၂၈၁၇**	**၉ ရာခိုင်နှုန်း**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အရေးယူဆောင်ရွက်ချက်

၂။ ကြက်ရောဂါဖြစ်ပွားမှုအပေါ်စစ်ဆေးတွေ့ရှိချက်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည်သက်ဆိုင်သည့် ဒေသအာဏာပိုင်အဖွဲ့အစည်း၊ ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် ပူးပေါင်းကွင်းဆင်း၍ ရောဂါဖြစ်ပွားမှုအပေါ် ရောဂါဖြစ်ပွားမှုအခြေအနေ၊ အရင်းအမြစ်၊ ဓာတ်ခွဲခန်းဆိုင်ရာ စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး အဓိက စစ်ဆေးတွေ့ရှိမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ တတိယပတ်အထိ ကြက်ရောဂါဖြစ်ပွားခဲ့ပြီး ဆက်လက်ဖြစ်ပွားမှုမရှိပါ။ ဓာတ်ခွဲခန်း စစ်ဆေးချက်များအရ ကြက်တုပ်ကွေးရောဂါမတွေ့ရှိရပါ။ အပြင်းစားကြက် လည်လိမ်ရောဂါ ဗိုင်းရပ်စ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ခ) စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ မတ်လပထမပတ်အထိ ကြက်ရောဂါဖြစ်ပွားခဲ့ပြီး ဆက်လက် ဖြစ်ပွားမှု မရှိပါ။ ဓာတ်ခွဲခန်း စစ်ဆေးချက်အရ ကြက်တုပ်ကွေးရောဂါမတွေ့ရှိရပါ။

(ဂ) စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်။ ၂၀၀၆ ခုနှစ် မတ်လ ပထမပတ်မှ ဒုတိယပတ်အထိ ကြက်အချို့သေဆုံးသော ကြက်ခြံရှိ လက်ကျန်ကြက်များအနက် ကြက်တစ်ကောင်၏ သွေးရည်ကြည်တွင် ကြက်တုပ်ကွေးဗိုင်းရပ်စ်ပိုး H5 N1 သံသယတွေ့ရှိခဲ့ပါသည်။

(ဃ)မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်။ ၂၀၀၆ ခုနှစ် မတ်လ ဒုတိယပတ် စတင်ဖြစ်ပွားပြီး မတ်လ တတိယပတ်အတွင်း ကြက်ခြံခုနစ်ခြံ၊ ငုံးခြံနှစ်ခြံ (အမရပူရမြို့နယ်အစပ် ကြက်ခြံတစ်ခြံအပါအဝင်)၌ မွေးမြူကြက်ကောင်ရေ ၅၇၈၄၊ ငုံးကောင်ရေ ၂၀၀ အနက် ကြက် ၇၂၂ ကောင်၊ ငုံး ၂၀၀ ကောင် သေဆုံးခဲ့ပြီး ရန်ကုန်သို့ပေးပို့သည့် နမူနာပစ္စည်းများကို ဓာတ်ခွဲခန်းစမ်းသပ်မှုအရ စစ်ဆေးရာ သေဆုံးကြက်တစ်ကောင်တွင် ကြက်တုပ်ကွေး ဗိုင်းရပ်စ် H5 N1 သံသယတွေ့ရှိခဲ့ပါသည်။

၃။ အရေးယူဆောင်ရွက်ချက်

(က) ရောဂါကူးစက်ပျံ့နှံ့မှု မရှိရေးထိန်းချုပ်ဆောင်ရွက်ချက်။ စစ်ကိုင်းတိုင်း နှင့် မန္တလေးတိုင်းအတွင်း ကြက်ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များ၌ ဒေသ အာဏာပိုင်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လမ်းညွှန်ခွင့်ပြုချက် ရယူ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးစီးဌာန၊ စည်ပင်သာယာ ရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ သက်ဆိုင်ရာမြို့နယ်ရပ်ကွက် အာဏာပိုင်များ၊ သက်ဆိုင်သည့် မွေးမြူသူများနှင့် ညှိနှိုင်း၍ ရောဂါဖြစ်ကြက်ခြံ နေရာမှ ၃ ကီလိုမီတာ/ ၇ ကီလိုမီတာ ဧရိယာများအား တားမြစ်ဧရိယာ၊ ထိန်းချုပ်ဧရိယာများသတ်မှတ်၍ ကြက်နှင့် ကြက်ထွက်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ ပြောင်းရွှေ့မှုတားမြစ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ထားခြင်း၊ ရောဂါပိုး တွေ့ရှိခြံများမှ ကြက်များကို သုတ်သင်ဖျက်ဆီး၍ ပိုးသတ်ခြင်း၊ ကျင်းတူး မြေမြှုပ်ခြင်း၊ ခြံများပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ကြက်များသေဆုံး/ဖျက်ဆီးကောင်ရေ။ အခင်းဖြစ်ပွား ကာလအတွင်း ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ မတ်လ ဒုတိယပတ်အထိ ကြက်ခြံ ၃၇ ခြံ၊ ငုံးခြံနှစ်ခြံ၌ သေဆုံးကြက်ကောင်ရေ ၃၄၂၇၊ ငုံး ၂၀၀ဖြစ်ပြီး ဖျက်ဆီး ကြက်ကောင်ရေ ၅၁၂၂၊ စုစုပေါင်း သေဆုံး/ ဖျက်ဆီးကောင်ရေ ၈၇၄၉ကောင် ဖြစ်ပါသည်။

(ဂ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်နယ်/တိုင်းများသို့ ညှိနှိုင်း ဆောင်ရွက်မှု

(၁) သတင်းဖြန့်ချိပေးပို့ခြင်း။ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ FAO၊ မြန်မာဌာနေကိုယ်စားလှယ်ရုံး၊ အရှေ့တောင်အာရှ ဗန်ကောက် အခြေစိုက်ရုံး၊ ရောမမြို့ရုံးချုပ်များသို့လည်းကောင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့ချုပ် OIE ပြင်သစ်အခြေစိုက်ရုံးချုပ်၊ အာရှဒေသ တိုကျိုအခြေစိုက်ဒေသ ဆိုင်ရာကိုယ်စားလှယ်ရုံး၊ ဩစတြေးလျအခြေစိုက်ဒေသဥက္ကဋ္ဌများသို့လည်းကောင်း ကြက်ရောဂါဖြစ်ပွားမှု ပြည်နယ်၊တိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများမှ တစ်ဆင့် ဒေသအတွင်း ဒေသအာဏာပိုင်များနှင့် လုပ်ငန်းဆက်စပ်ဌာန အဖွဲ့များသို့လည်းကောင်း ဖြစ်စဉ်အသေးစိတ်သတင်းဖြန့်ချိပေးပို့ခဲ့ပါသည်။

(၂) ပူးပေါင်းဆောင်ရွက်မှု။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ရန်ကုန်သို့ ၁၃-၃-၂၀၀၆ နေ့ မွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းရပ်များနှင့်ပတ်သက်၍ ရောက်ရှိလာသော FAO Regional ဗန်ကောက်အခြေစိုက်ရုံးမှ အကြီးတန်း အရာရှိ ဒေါက်တာဟင်းစ်ဝဂ္ဂနာ၊ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာတန်ဇီပင်း သို့ ကြက်ရောဂါဖြစ်ပွားမှုအခြေအနေ အသေးစိတ် ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ကြက်တုပ်ကွေးကျွမ်းကျင်သူများ ရောဂါပျံ့နှံ့မှု၊ ဓာတ်ခွဲ ခန်းဆိုင်ရာ အကူအညီရရှိရေး၊ ရောဂါထိန်းချုပ်လုပ်ငန်းသုံးပစ္စည်းကိရိယာများ ပံ့ပိုး ကူညီရေးညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(၃) ကြက်ရောဂါသံသယနမူနာပစ္စည်းများပေးပို့ခြင်း။ ကြက်တုပ်ကွေးရောဂါ သံသယရှိသောနမူနာပစ္စည်းကို ဗိုင်းရပ်စ်ပိုးအမျိုးအစားခွဲခြား အတည်ပြုရန် ထိုင်းနိုင်ငံ တိရစ္ဆာန်ဆေးကုဌာန၊ အမျိုးသားတိရစ္ဆာန်ကျန်းမာရေး ဓာတ်ခွဲခန်းနှင့် ဩစတြေးလျ နိုင်ငံ OIEတိရစ္ဆာန် ကျန်းမာရေးဒေသဆိုင်ရာ ကိုးကားဓာတ်ခွဲခန်းသို့ ပေးပို့ထားရှိပါသည်။

(ဃ) ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာသတိပေးနှိုးဆော်ချက်။ ၁၃-၃-၂၀၀၆နေ့မှစ၍ ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ပွားမှုနှင့် ထိန်းချုပ်ရေး လိုက်နာ ဆောင်ရွက်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သတိပေးနှိုးဆော် ချက်များကို ပြည်နယ်၊တိုင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်များမှတစ်ဆင့် မွေးမြူသူများသို့ နှိုးဆော်ဖြန့်ဝေ အသိပေးခဲ့ ပါသည်။

(င) ကြက်ရောဂါဖြစ်ပွားခဲ့သည့်မြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေး အစီအစဉ်။ လက်ရှိကြက်ရောဂါဖြစ်ပွားခဲ့သည့် ဖော်ပြပါမြို့နယ်များတွင် ရောဂါကင်းရှင်းမှု စိတ်ချရသည့်အခြေအနေအထိ ရောဂါထိန်းချုပ်စီမံဆောင်ရွက် သွားမည်ဖြစ်ပြီး ရောဂါကင်းရှင်းမှု စိတ်ချရသည့်အခါ ကြက်ရောဂါပျံ့နှံ့မှုမရှိရေး မှတ်တမ်းတင် သုတ်သင်ဖျက်ဆီးခံခဲ့ရသည့် ကြက်ခြံများအား ကြက်မွေးမြူမှု ပြန်လည်ထူထောင် နိုင်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးမှုဘဏ်တို့ ပေါင်းစပ်ညှိနှိုင်း၍ ကြက်အသစ်အစားထိုးဖြည့်ဆည်းခြင်း၊ ကနဦးတိရစ္ဆာန် အစားပေးအပ်ခြင်း၊ လိုအပ်သည့်ကာကွယ်ဆေးထိုးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် စီမံထားရှိပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

နတ်မောက်စက်မှုလက်မှု ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၁၅

ပထမအကြိမ် နတ်မောက် စက်မှု လက်မှု ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၁ ရက် (သောကြာနေ့)တွင် ကျင်းပမည်။ စိတ်ပါဝင်စားသူများသည် ဦးတင်မြင့် အင်(န်)ပက်ကုမ္ပဏီ ရုံးခန်း ဖုန်း- ၅၀၀၄၂၀၊ ဦးလှထွန်း ဖုန်း-၀၉-၈၀-၂၂၉၅၆၊ ဦးခင်မောင်ကို ဖုန်း- ၀၉-၅၁၁၂၀၆၂၊ ဦးမြင့်ဦး ဖုန်း-၀၉-၅၁၀၁၃၉၉ နှင့် ဦးအုန်းမြင့်(ဒီဇယ်) ဖုန်း-၀၉-၅၀၇၇၄၀တို့သို့ ဆက်သွယ် နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ထူးခြားသည့် နေ့အပူချိန်များ

အောင်လံမြို့

(၄၁) ဒီဂရီစင်တီဂရိတ်

မင်းဘူးမြို့၊ မကွေးမြို့နှင့် ရွှေကျင်မြို့

(၄၀)ဒီဂရီစင်တီဂရိတ်စီ

ရတနာကုန်သည်များအကြိုက် မြန်မာ့အရည်အသွေးကောင်း ကျောက်မျက်ရတနာများ

သတင်း/ဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)



ဈေးနှုန်းအမြင့်ဆုံး

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ဈေးနှုန်းအမြင့်ဆုံး ကျောက်စိမ်းတုံးအတွဲကို တွေ့ရစဉ်။



အရည်အသွေးကောင်း ပတ္တမြား

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသည့် အရည်အသွေးကောင်း ပတ္တမြားတစ်လုံးကို တွေ့ရစဉ်။

ရန်ကုန် မတ် ၁၅

၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ပြသသည်။

မြန်မာ့ကျောက်မျက်ရတနာခန်းမရှေ့ မျက်နှာစာနှင့် ဘေးပတ်ပတ်လည်တို့တွင် ကျောက်စိမ်းတုံးကြီး-ငယ် အရွယ်ရွယ်အစားစား များပြားစွာ တွေ့ရသည်။

ကျောက်စိမ်းပိုမိုများပြား

ယခင်ယခင်နှစ်များနှင့်မတူ ကျောက်စိမ်းအရေအတွက် တိုးတက်များပြားလာသည်ကိုတွေ့ရသကဲ့သို့ ပြည်တွင်းပြည်ပရတနာကုန်သည် အများအပြားကလည်း ကျောက်စိမ်းတုံးများကို အရည်အသွေး စစ်ဆေးလေ့လာလျက်ရှိနေသည်ကို တွေ့ရသည်။

ထို့အတူ ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ဖွင့်လှစ်ရောင်းချနေသော ရတနာဆိုင်များကလည်း အစီအရီရှိနေသည်။ ဤသည်ကို လေ့လာအကဲခတ်ရုံမျှဖြင့် မြန်မာ့ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို သိရှိနိုင်သည်။

အကြိုက်တွေ့မည် သေချာ

ယခုနှစ် ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အရည်ကျောက်၊အထည်ကျောက်၊ အသားကျောက်၊ အရိုင်းတုံးများမှာ အရေအတွက်များပြားလှသကဲ့သို့ အရည်အသွေးကလည်း အထူးကောင်းမွန်သဖြင့် ရတနာကုန်သည်များ အကြိုက်တွေ့ကြမည်မှာ သေချာသည်။

ကြမ်းခင်းဈေးအမြင့်ဆုံး သတ်မှတ်ထားသည့် အတွဲနံပါတ်(၂၄၂၉) ကျောက်စိမ်းတုံး၊ အတွဲနံပါတ်(၂၃၂၂) ကျောက်စိမ်းတုံးနှင့် အတွဲနံပါတ်(၂၃၁၈) ကျောက်စိမ်းတုံးတို့ကိုမူ ကျောက်မျက်ခန်းမအဝင်တွင် အခန်းတွင်း၌ သီးသီးခြားခြား သတ်သတ်ရပ်ရပ် ခင်းကျင်းပြသထားသည်။ယခုနှစ် ပြပွဲသို့ ပြည်ပရတနာကုန်သည် ၁၀၀၀ခန့် လာရောက်မည်ဟု ခန့်မှန်းထားသည်။

လေ့လာကြည့်ရှုကြမည်

မတ် ၁၅ရက်မှ ၁၇ရက်အထိ ရတနာကုန်သည်များ ရတနာများကိုစစ်ဆေး လေ့လာကြည့်ရှုကြမည်ဖြစ်သည်။ ဆက်လက်၍ မတ် ၁၈ ရက်တွင် ပုလဲ အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချမည်။ မတ် ၁၉ရက်နှင့် ၂၀ရက်တွင် ကျောက်မျက်များကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်။

မတ် ၂၁ရက်မှ ၂၄ရက်အထိ ကျောက်စိမ်းများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။

ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက် ၆၆တွဲ၊ ကျောက်စိမ်းအတွဲ ၁၉၀နှင့် ပုလဲ ၃၄တွဲ၊ စုစုပေါင်း အတွဲ ၂၉၀ ရောင်းချမည်ဖြစ်သည်။

တင်ဒါစနစ်ဖြင့် ကျောက်မျက် ၆၂တွဲ၊ ကျောက်စိမ်း ၂၂၆၉တွဲ၊ ပုလဲ ၂၁၆တွဲ စုစုပေါင်း ၂၅၄၇တွဲ ရောင်းချမည်ဖြစ်ကြောင်းသိရသည်။

အရည်အသွေးကောင်းပတ္တမြား

ကျောက်မျက်ရတနာပြပွဲခန်းမ ပထမထပ်တွင်မူ ပုဂ္ဂလိကက အပ်နှံထားသည့် အရည်အသွေးအထူးကောင်းမွန်လှသည့် ၃၃ဒသမ၃၉ကရက်ရှိ ပတ္တမြားတစ်ပွင့်ကို တွေ့ရသည်။ အဆိုပါပတ္တမြားမှာအခြေခံဈေး ယူရို ၃ဒသမ ၅ သန်း ဖြစ်ကြောင်းလည်း မှတ်သားမိရသည်။

ယခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ကျောက်စိမ်းများ တင်ပြရောင်းချမှု အထူးများပြား လှသကဲ့သို့ အရည်အသွေးလည်းကောင်းမွန်လှသည်။ မြန်မာနိုင်ငံထွက် ရွှေရောင်ပုလဲများကလည်း ရတနာကုန်သည်များကို ဆွဲဆောင်နေသည်။ ပြည်တွင်းပြည်ပရတနာကုန်သည်များပြားပန်းခတ်လျက်ရှိနေသည်။

ရတနာကုန်သည်များအကြိုက်တွေ့မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲပင် ဖြစ်သည်။ (ကြေးမုံ)

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်

ရန်ကုန် မတ် ၁၅

သန်လျင်မြို့ သိမ်ကျောင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ ဦးစီးသည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ယင်းကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ဓမ္မရောင်ခြည်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရနှင့် အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသာရတို့ထံမှ သြဝါဒ ခံယူကြသည်။ ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဋ္ဌေးက သာသနာရေးဆိုင်ရာများ လှူဒါန်းထားသည်။ **(အပေါ်ပုံ)** အဆိုပါ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသို့ သန်လျင်မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မတ် ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ (၅၂၇)

တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်တရားပွဲ

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ၏ သက်တော်(၅၁)နှစ်ပြည့် ဝိဇာတမင်္ဂလာ၊ တိပိဋကနိကာယ် စာအောင် သံဃာတော်များ ပူဇာမင်္ဂလာ၊ တိပိဋကဓမ္မဗိမာန်တော်ကျောင်းလှူတတ်ပူဇာမင်္ဂလာတွင် မန္တလေးမြို့ပိုင်ရှင်ဆရာတော် ဒေါက်တာအရှင်ကောဝိဒ(ဓမ္မကထိက ဗဟုဇနဟိတရေး) က မတ် ၁၈ ရက် (စနေနေ့) ည ၇ နာရီတွင် တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

နွေရာသီ သင်တန်းပေါင်းစုံဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (င/က)ရပ်ကွက် နွေရာသီ သင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက် မေဃဝတီခန်းမဆောင်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေက သင်တန်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အလှူငွေများလှူဒါန်းရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေ ကျပ် ၃၀၀၀၀၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်သိန်းက အလှူငွေကျပ် ၃၀၀၀၀၊ ရပ်ကွက်ငမိုးရိပ်ကော်မတီမှ ဦးရန်အောင်က အလှူငွေကျပ် ၁၀၀၀၀ တို့ကို လှူဒါန်းကြရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ **(အပေါ်ပုံ)** အလုပ်အမှုဆောင် ဦးသိန်းဦးနှင့် သင်တန်းတာဝန်ခံ ဦးလှသိန်းတို့က လက်ခံယူကြသည်။

အဆိုပါ နွေရာသီသင်တန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေးပညာသင်တန်း၊ နိုင်ငံတကာ ဆက်ဆံရေးပညာသင်တန်းနှင့် အနုသုခုမ ပညာသင်တန်းများကို ပညာဒါနအဖြစ်ပို့ချကြမည်ဟု သိရသည်။ (၅၀၆)

အလက(၃)ဒဂုံ မြှတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မိသားစုခန်းမကြီး၌ ကျင်းပမည်။အလှူငွေများကို ကိုတင်မောင်ထူး (သိပ္ပံမဂ္ဂဇင်း) ဖုန်း-၀၉၈၀၂၁၈၂၉၊ ဗိုလ်မှူးတက်တိုးရှင် ဖုန်း-၇၀၇၀၇၀၊ ဒေါက်တာ အောင်ကြည် ဖုန်း-၀၉၈၀၂၁၂၁၇နှင့် ကိုထွန်းအေး (ဒဂုံစင်တာ)၊ ဆရာမဒေါ်စန်းရီ ဖုန်း-၃၈၆၇၇၃ နှင့် ဆရာမဒေါ်လှလှဝင်းတို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

အင်ဒီးယန်းဝဲလ်၊ မတ် ၁၅

ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို အင်္ဂါနေ့က ဆက်လက်ကျင်းပရာ အမျိုးသမီးပွဲများတွင် မာတီနာဟင်းဂစ်က ကမ္ဘာ့ဒုတိယအဆင့်ရှိ တင်းနစ်မယ် လင်ဆေး ဒါဗင်ပို့ကို ၆-၃၊ ၁-၆၊ ၆-၂၊ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ခွင့်ရသွားပြီဖြစ်သည်။

ညနေပိုင်းတွင် ဆက်လက်ပြုလုပ်သောပြိုင်ပွဲများတွင် မာကို့စ်ဘဂ်ဒါတစ်က ကမ္ဘာ့အဆင့်ခုနစ်ရှိ ဂတ်စ်တန် ဂူဒီယိုကို ၆-၇၊၆-၃၊ ၆-၂ ဖြင့် ကစားကာ အနိုင်ရရှိသွားပြီး နောက်ပြိုင်ပွဲတွင် ချက်လူငယ် တိုမတ်ခ်ဘာချ်က ကမ္ဘာ့နဝမအဆင့်ရှိ လေတန် ဟီဝစ်တ်ကို ၇-၅၊ ၆-၃ ဖြင့် ကစားကာ ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ရုရှားမှ တင်းနစ်အားကစားမယ် ဒီနာရာဆာဖီနာသည် ကမ္ဘာ့နံပါတ်ငါးအဆင့်ရှိ ယှဉ်ပြိုင်ဘက် အနတ်စ်တာဆီယာ မစ္စကီနာကို ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲများတွင် ထိပ်တန်းတင်းနစ် ကစားသမား ရော်ဂျာဖီဒဲရာက ဘယ်ဂျီယံမှကစားသမား အိုလီဗာရိုချ်ကို ၃-၆၊ ၆-၂၊ ၇-၅ ဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဒုတိယအဆင့်ရှိ ကစားသမား ရာဖာရယ်နာဒယ်လ်က အမေရိကန်တင်းနစ် ကစားသမား မာဒေးဖစ်ချ်ကို ၆-၁၊ ၆-၄ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။အခြားအမျိုးသမီးပြိုင်ပွဲများတွင် ကမ္ဘာ့ထိပ်တန်းတင်းနစ်မယ် ဂျတ်စတင် ဟီနင်ဟာဒင်းက ဂျပန်တင်းနစ်မယ် အာအိဆူဂီယာမကို ၆-၂၊ ၆-၁ ဖြင့် အနိုင်ရသွားသည်။ နောက်တစ်ပွဲတွင် ကမ္ဘာ့ တတိယအဆင့်ရှိ မာရီယာရှာရာ ပိုဗာက အစ္စရေးမှ ယှဉ်ပြိုင်ဘက် ဆာဟာပီရာကို၇-၆၊ ၆-၁ ဖြင့် အသီးသီး အနိုင်ရခဲ့သည်။ အင်တာနက်။

နှုတ်ဆက်

ပြိုင်ပွဲတွင်အနိုင်ရရှိသွားသော ဆွစ်ဇာလန်တင်းနစ်မယ် မာတီနာ ဟင်းဂစ်က အမေရိကန်တင်းနစ်မယ်လင်ဆေးဒါဗင်ပို့ကို နှုတ်ဆက်နေစဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)သို့ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းမှ အလှူငွေများပေးအပ်

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဦးလှထွန်း Doctor in Human Letters, USA (DHL)၊ နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန်ပထမဆင့်၊ ဝိဇ္ဇာပညာထူးချွန် ပထမဆင့်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ ဦးလှထွန်းနှင့် အဖွဲ့၊ ဥက္ကဋ္ဌ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းမှ အလှူငွေပေးအပ်မှုဝေမှု အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) ဘက်စုံ အဆောက်အအုံ ညှိနှိုင်းခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဦးလှထွန်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံကြကာ ဦးလှထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် ဦးလှထွန်းနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အမေရိကန်ဒေါ်လာ တစ်သောင်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မိခင်/ကလေး)

လန်ဒန်မြို့မှ ဒေါက်တာခင်သက်မော်နှင့် မောင်ဖြစ်သူ ဒေါက်တာမြင့်ဝင်း တို့ကိုယ်စား ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)နှင့် ကိုအောင်အောင် မိသားစုတို့က ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ပရဟိတကျောင်းတိုက် ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်အတွက် ငွေကျပ်သိန်း ၄၀ကို ဖေဖော်ဝါရီ ၁၉ရက်က လှူဒါန်းစဉ်။ (က–ပ)

စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါနဆေးရုံတော်၌ ပြည်ပမျက်စိအထူးကုဆရာဝန်များ ကုသပေးမည်

ရန်ကုန် မတ် ၁၅

သီတဂူဆရာတော်ကြီး ဦးဆောင်တော်မူသည့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူ အာယုဒါနဆေးရုံတော်၌ မတ် ၁၇ရက်မှ ၂၄ရက်အထိ ပြည်ပမှ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော Dr. John Sandford-Smith၊ Dr. Andrew Frost နှင့် Louise Frost (Optometrist) တို့က မျက်စိအထူးကုအစီအစဉ်ဖြင့် လာရောက်ကုသပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဘိုးဘွားများအား အိမ်အရောက်ပြုစု စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၁၅

ဘိုးဘွားများအား အိမ်အရောက် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကို မတ် ၁၁ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)**ခန်းမတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းက အဖွင့်အမှာစကားပြောကြားသည်။** (အောက်ပုံ)

ထို့နောက် အမျိုးသားကလျာဏယုဝ ခရစ်ယာန်အသင်းမှဥက္ကဋ္ဌ ဦးအောင်ဒင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အစီအစဉ်အရ ဆွေးနွေးပွဲတွင် "သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများနှင့် နည်းလမ်းများ၊" "သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးစောင့်ရှောက်မှု" "အာဆီယံနိုင်ငံအတွင်း သက်ကြီးရွယ်အို အိမ်အရောက်ပြုစု စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်နှင့် အာဆီယံနိုင်ငံတွင်း ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်တို့ကို ဆွေးနွေးဖတ်ကြားတင်ပြကြသည်။ ထို့နောက် စာတမ်းများနှင့် ပတ်သက်၍ လည်းကောင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ လည်းကောင်း တက်ရောက်လာသူများက ဆွေးနွေးအကြံပြုကြသည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းပိတ်ပွဲ မတ် ၂၃ ရက်မှ စတင်ကျင်းပမည်

ရန်ကုန် မတ် ၁၅

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းပိတ်ပွဲ ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို မတ် ၂၃ ရက်မှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် စတင်ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစား

အဆိုပါ ကွင်းပိတ်ရှုံး/ထွက် ပြိုင်ပွဲသို့ အဆင့်မြင့်တန်းမှ ၁၆ သင်းနှင့် ပထမတန်းမှ အဆင့်မြင့်တန်းသို့ တက်လာသည့် နှစ်သင်း စုစုပေါင်း ၁၈ သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမအဆင့် ရှုံး/ထွက် ပွဲစဉ်များကို မတ် ၂၃ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၃ ရက်မှ ၆ ရက်အထိ လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၇ ရက်နှင့် ၈ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို ဧပြီ ၁၁ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

လက်ရှိချန်ပီယံမှာ ဘဏ္ဍာ/အခွန် အသင်းဖြစ်ပြီး ယမန်နှစ်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲထားသည်။ (ကြေးမုံ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် မတ် ၁၅

ဦးရဲထွဋ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ မတ် ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၆ ကိုက်အကွာမှ XX 10-No-3 ဘောလုံးကို Taylor Made Iron No. 6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးငွေစိုး၊ ဦးဖဲဘောင်၊ ဒေါက်တာထင်ပေါ် (အကယ်ဒမီဆေးခန်း)တို့ အတူ ကစားလျက်ရှိသည်။ (ကြေးမုံ)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ကျုံကဒတ်ကျေးရွာ ပြည်တော်သာလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၁၃ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့် အဖွဲ့ ကြည့်ရှုစစ်ဆေးမှုအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ဆူးလေစေတီတော် မြတ်ကြီး ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး၊ ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင်၊ ရွှေပြား မျက်ပါးရွှေသင်္ကန်းတော် ကပ်လှူရေးအတွက် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကွင်းကျောင်း (၂)လမ်းနေ ဒေါ်ခင်၊ မြေးမကြူကြူအေးတို့က ကိုးလက်မပတ်လည်ရွှေစင်ရွှေပြားတစ်ကျပ်သားခုနစ်ချပ် (တန်ဖိုးကျပ် ၁၇၅၀၀၀၀) ကို ရွှေသင်္ကန်းကပ်လှူရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင်နှင့် ဘဏ္ဍာရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၃–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀	၈။	မျိုးချစ်တပ်မတော်
၅:၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	**ကာတွန်းအစီအစဉ် ပါကျဲ (အပိုင်း–၁၈)**
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း–၂၃)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း–၁၇)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

အကောင်းဆုံးအားကစားသမားဆုနှင့် နည်းပြဆရာဆု ချီးမြှင့် အောင်ချိုမြင့်၊ ယဉ်ယဉ်ခိုင်၊ ဦးကျော်ခင်နှင့် ဒေါက်တာမင်းနိုင်ရရှိ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့ ပူးပေါင်းချီးမြှင့်သည့် ၂၀၀၅ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုနှင့် နည်းပြဆရာဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၇နာရီက ဆီဒိုးနားဟိုတယ်တွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

အကောင်းဆုံးဆုများ ချီးမြှင့်ပွဲတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြု အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ဆုချီးမြှင့်ရခြင်းနှင့်ဆုရွေးချယ်ပုံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ၂၀၀၅ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံးအားကစား သမားဆု ရရှိကြသော အမျိုးသား အောင်ချိုမြင့် (ပိုက်ကျော်ခြင်း)နှင့် အမျိုးသမီး ယဉ်ယဉ်ခိုင် (ပြေးခုန်ပစ်) တို့အား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း၊အကောင်း ဆုံးနည်းပြဆု ရရှိကြသော ဦးကျော်ခင် (ပြေးခုန်ပစ်)နှင့် ဒေါက်တာမင်းနိုင် (ဘိလိယက်)တို့အား ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားကလောင်ရှင် များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမျိုးသား အကောင်းဆုံးအားကစား သမားဆုရ အောင်ချိုမြင့် (ပိုက်ကျော် ခြင်း)၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ ယဉ်ယဉ်ခိုင် (ပြေးခုန်ပစ်) တို့အား ငွေကျပ် ၁၀ သိန်းစီ၊ အကောင်းဆုံး နည်းပြဆရာ ဆုရရှိကြသော ဦးကျော်ခင် (ပြေးခုန် ပစ်)နှင့် ဒေါက်တာမင်းနိုင် (ဘိလိ ယက်)တို့အား ငွေကျပ်သုံးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက လက်ခံ ရယူသည်။ ၎င်းနောက် အကောင်းဆုံး ဆုများရရှိကြသည့် အောင်ချိုမြင့်၊ ယဉ်ယဉ်ခိုင်၊ ဦးကျော်ခင်နှင့် ဒေါက်တာမင်းနိုင်တို့က ကျေးဇူးတင် စကားများ ပြန်လည်ပြောကြားကြ သည်။

တစ်နှစ်တာအကောင်းဆုံးဆုများကို ၁၉၉၀ပြည့်နောက်ပိုင်းတွင် ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တို့၌ နှစ်ကြိမ် ချီးမြှင့်ခဲ့ပြီး ၂၀၀၃ခုနှစ်မှစ၍ ပြန်လည် ချီးမြှင့်ခြင်းဖြစ်သည်။ ၁၉၉၄ခုနှစ်တွင် အမျိုးသားအကောင်းဆုံးအားကစား သမားဆုကိုသန်းတိုးအောင်(ဘောလုံး)၊ အမျိုးသမီး အကောင်းဆုံး အားကစား သမားဆုကို ဝင်းဝင်းမာ(အလေးမ)၊ ၁၉၉၅ခုနှစ် အမျိုးသား ဗိုလ်မှူးမြင့်စိုး (သေနတ်ပစ်)နှင့် ခင်ခင်ထွေး (ပြေးခုန် ပစ်)၊ ၂၀၀၃ခုနှစ်တွင် အမျိုးသား အောင်လင်း (လှေလှော်)နှင့် အမျိုးသမီး ခိုင်ခိုင်မော်(ဂူရှူး)၊ ၂၀၀၄ခုနှစ်တွင် အမျိုးသား စိုးမြတ်မင်း (ဘောလုံး)နှင့် အမျိုးသမီး ဆွေဆွေသန့် (ဂူရှူး)တို့ အပြင် အကောင်းဆုံးအသင်းဆုကို မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းတို့က ဆွတ်ခူးရရှိခဲ့ သည်။ ယခု ၂၀၀၅ခုနှစ်အတွက် အကောင်းဆုံးဆုများကို အမျိုးသား အောင်ချိုမြင့် (ပိုက်ကျော်ခြင်း) နှင့် အမျိုးသမီး ယဉ်ယဉ်ခိုင်(ပြေးခုန်ပစ်) တို့က ဆွတ်ခူးရရှိခဲ့သည့်အပြင် အကောင်းဆုံးနည်းပြ ဆရာဆုများကို ချီးမြှင့်ရာ ဦးကျော်ခင် (ပြေးခုန်ပစ်)နှင့် ဒေါက်တာမင်းနိုင် (ဘိလိယက်)တို့က ရရှိကြသည်။

ဆွတ်ခူး

၂၀၀၅ခုနှစ်၏ တစ်နှစ်တာ အမျိုး သား အကောင်းဆုံးအားကစားသမား ဆုရ အောင်ချိုမြင့်သည် ပြီးခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေ နှစ်ခု၊ ကြေး တစ်ခုဆွတ်ခူးရရှိခဲ့သည်။နှစ်ယောက်တွဲ ပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ Hoop-Takraw အသင်းလိုက် ပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခုနှင့် သုံးယောက်တွဲ ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခုတို့ နိုင်ငံ အတွက် ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ခုနှစ်တွင် မြန်မာ့လက်ရွေးစင် စဖြစ်ခဲ့ပြီး ယခုအချိန်အထိ အမိနိုင်ငံ အတွက် ရွှေနှစ်ခု၊ ငွေ ၁၀ ခု၊ ကြေး ရှစ်ခု ဆွတ်ခူး ရယူပေးထားသည်။ ၁၉၉၃ခုနှစ်တွင် ပိုက်ကျော်ခြင်း လောကသို့ စတင်ဝင်ရောက်ခဲ့ပြီး မိခင် ဝန်ကြီးဌာနမှာ ပြည်ထဲရေးဖြစ်သည်။

၂၀၀၅ခုနှစ်၏ တစ်နှစ်တာ အမျိုး သမီး အကောင်းဆုံး အားကစား သမားဆုရ ယဉ်ယဉ်ခိုင်သည် (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မီတာ ၄၀၀ ပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ မီတာ ၄၀၀x၄ လက်ဆင့်ကမ်း ပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၈၀၀ပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခုတို့ ဆွတ်ခူးရရှိခဲ့ ခြင်းဖြစ်သည်။

၁၉၉၃ခုနှစ်တွင် ပြေးခုန်ပစ်အား စတင်ကစားခဲ့ပြီး ၁၉၉၄ခုနှစ်တွင် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားမယ်ဖြစ်ခဲ့သော ယဉ်ယဉ် ခိုင်သည် နိုင်ငံအတွက် ရွှေငါးခု၊ ငွေလေးခု၊ ကြေးသုံးခု ဆွတ်ခူးရယူ ပေးထားသည်။ ယဉ်ယဉ်ခိုင်၏ မိခင် ကလပ်အသင်းမှာ မြို့တော်စည်ပင် ဖြစ်သည်။

(ကြေးမုံ)

ပြည်တွင်းအားကစား သတင်းများ

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမျိုးသား အကောင်းဆုံး အားကစားသမား ဆုရ အောင်ချိုမြင့်အား ငွေကျပ် ၁၀သိန်း ချီးမြှင့်စဉ်။ (ကြေးမုံ)



ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီး အားကစားသမား ဆုရ ယဉ်ယဉ်ခိုင် အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

လေးပွင့်ဆိုင် ခြေစမ်းပွဲ ဆက်လက်ကျင်းပ အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်း အနိုင်ရ

ရန်ကုန် မတ် ၁၅

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများဖွဲ့စည်းရန် ကျင်းပသည့် လေးပွင့်ဆိုင် အထူးခြေစမ်းပွဲ ဒုတိယပွဲစဉ်အဖြစ် ပဏာမ လက်ရွေးစင်(က)နှင့် (၂၃)နှစ်အထက် လက်ရွေးစင်အသင်းတို့သည် ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ (၂၃)နှစ်အထက် လက်ရွေးစင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(၂၃)နှစ်အထက် လက်ရွေးစင်အသင်း - သုံးဂိုး

(အောင်ကျော်ထွန်း-နှစ်ဂိုး၊ အောင်မြင့်အေး-တစ်ဂိုး)

ပဏာမလက်ရွေးစင် (က)အသင်း - နှစ်ဂိုး

(ထွန်းမင်းဦးနှင့် လှအေးထွေး)

ဒိုင်လူကြီး - ဦးဝင်းထွဋ်

ယနေ့ပွဲတွင် နှစ်သင်းစလုံး အပြိုင် ကြိုးစား ကစားသွား၍ ပွဲမှာ အပြန် အလှန်ရှိခဲ့ပြီး ဂိုးအပြိုင်အဆိုင် သွင်းယူ ခဲ့ကြသည်။ ယခုပွဲမှာ ပညာ၊ သမ္မာကို အားပြုကစားသည့် မျိုးလှိုင်ဝင်း ဦးဆောင်သော (၂၃)နှစ်အထက် အသင်းနှင့် လူငယ်တို့၏ လျင်မြန်မှု၊ ကစားအားတို့ကို အသာပေးကစား သည့် ပဏာမလက်ရွေးစင်(က)အသင်း တို့၏ အားပြိုင်ပွဲတစ်ခုဖြစ်ပြီး (၂၃)နှစ် အထက်အသင်းက ပွဲပြီးခါနီးသွင်း သောဂိုးဖြင့် အနိုင်ရရှိသွားသည်။

(၂၃)နှစ်အထက် လက်ရွေးစင် အသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-မင်းသူ၊ ဇော်လင်းထွန်း-၂၊ အောင်ကျော်မြင့်၊ သက်နိုင်စိုး၊ အလယ် တန်း-ကျော်ခိုင်ဝင်း၊ အောင်ကျော်မိုး၊ (အောင်မြင့်အေး)၊ တင့်နိုင်ထွန်းသိန်း၊ စန်းမောင်၊ ရှေ့တန်းတွင် မျိုးလှိုင်ဝင်းနှင့် အောင်ကျော်ထွန်းတို့ ပါဝင်ကစား သွားပြီး ပဏာမ လက်ရွေးစင် (က)အသင်းတွင် ဂိုး-ဇော်မိုးထက်၊ နောက်တန်း-ချမ်းချမ်း၊(အောင်သူဝင်း)၊ ထူးကျော်၊ သန်းထိုက်၊ (ဇော်ထက် အောင်)၊ အောင်ဇော်မျိုး၊ အလယ် တန်း-သန်းဝဏ္ဏအောင်၊ လှအေးထွေး၊ သူရိန်စိုး၊ ရှေ့တန်းတွင် ထွန်းမင်းဦး (ကျော်ဌေးဦး)၊ ထက်နိုင်ဝင်းနှင့် ဇင်မျိုး အောင်တို့ ပါဝင်ကစားသွားကြသည်။

၁၇-၃-၂၀၀၆

ညနေ (၄)နာရီ

(အောင်ဆန်းကွင်း)

ပဏာမလက်ရွေးစင်(က)နှင့် (၂၃)နှစ်အောက်လက်ရွေးစင်

(ကြေးမုံ)

အကြိတ်အနယ်ယှဉ်ပြိုင်

အသက်(၂၃)နှစ်အထက် လက်ရွေးစင် မျိုးလှိုင်ဝင်းနှင့် ပဏာမ လက်ရွေးစင်(က)အသင်းမှ သန်းထိုက်တို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဂျိနီဗာမြို့နေ ဒေါ်သန်းသန်းမင်းနှင့် မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အထွေထွေပဒေသာပင်၊ အအောက်အအုံပဒေသာပင်၊ ဘိုးဘွား လူနာများအတွက် စတီးခုတင် သုံးလုံး၊ Bedside Table ငါးလုံးနှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ်ရှစ်သိန်း သုံးသောင်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မတ် ၉ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှိုင် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှိ ယာဉ်စက်ယန္တရားများ ကွင်းခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အစိုးရဌာန ဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့် ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ **ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီး** ဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာ တပ်ဆင်ချည်နှောင် စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့် အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ် များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သံလွင်တံတား (မော်လမြိုင်) မီးရထား ချဉ်းကပ်တံတားလုပ်ငန်း မော်လမြိုင်ဘက်ကမ်း၌ အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၅

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ မတ် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မီးရထားချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (မော်လမြိုင်ဘက်ကမ်း)လုပ်ငန်းခွင်သို့ရောက်ရှိပြီး တိုင်အမှတ်(၆၄)နှင့်(၆၆)အကြား၊ မီးရထား သံဘီးကာနှင့် လက်ရန်းများ တပ်ဆင်ဆောင်ရွက်မှု အပြီးသတ်အချောထည်လုပ်ငန်းများ ဆောင်ရွက်နေမှုကို မီးရထားချဉ်းကပ် တံတားကြီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ရာ (မော်လမြိုင်ဘက်ကမ်း) စီမံကိန်းရုံးသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

စီမံကိန်းရှင်းလင်းဆောင်၌ မော်လမြိုင်ဘက်ကမ်း မီးရထားတံတား တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်နှင့် မုတ္တမဘက်ကမ်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းအပိုင်းလိုက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်း၊ စက်ယန္တရားများအခြေအနေနှင့် အပြီးသတ်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းတင်ပြ ကြသည်။

ဝန်ကြီးက ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို တစ်ခုပြီးမှ တစ်ခု စောင့်ဆိုင်းလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ အပိုင်းလိုက်အဖွဲ့များခွဲ၍ တစ်ပြိုင်တည်းဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးအောင် စီမံချက်ချ အင်တိုက်အားတိုက် ဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မီးရထားချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှုကို မီးရထားသံလမ်းစစ်ဆေးရေး ကားရထားငယ်ဖြင့် မော်လမြိုင်ဘက်ကမ်း တိုင်အမှတ် (MR 23) မှ မုတ္တမဘက်ကမ်းတိုင်အမှတ် (YR 13)အထိ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ မုတ္တမဘက်ကမ်းတိုင်အမှတ် (YR 17)နှင့် (YR 18) အကြား ကားတံတားပေါ်ဖြတ်ကျော်သည့် မီးရထားချဉ်းကပ်တံတား၏ ရက်မနှင့် ကားလမ်းအပေါ် ကင်းလွတ်အမြင့်တို့ကို စစ်ဆေး၍ မုတ္တမဘက်ကမ်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

သံလွင်တံတား (မော်လမြိုင်) မီးရထား ချဉ်းကပ်တံတားမှာ မော်လမြိုင်ဘက်ကမ်း ၆၄၈၀ ပေ၊ မုတ္တမဘက်ကမ်း ၇၄၉၈ ပေ၊ ပင်မတံတား ၇၆၉၉ပေ အပါအဝင် စုစုပေါင်းအရှည်မှာ ၂၁၆၇၈ ပေ

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❍

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ သံလွင်တံတား(မော်လမြိုင်) မီးရထား ချဉ်းကပ်တံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ထူးခြားမည် ယခုပြပွဲတွင် တင်ပြမည့်ရွှေရောင်ပုလဲများမှာ အရည်အသွေးအထူးကောင်းမွန် နိုင်ငံခြားမှ ရတနာကုန်သည်ပေါင်း ၁၀၀၀ ကျော် တက်မည်ဟု ခန့်မှန်းထား

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဖွင့်လှစ်ပြသရာ မွန်းလွဲပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ကျိုဒိုသတင်းဌာနမှ သတင်းထောက် ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ၂၀၀၆ခုနှစ် (၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သတင်း၊ ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

▶ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ထိုးနှက်သည့် စာတမ်း တစ်ရပ်သာဖြစ်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် (ရှေ့ဖုံး)

▶ အိုင်အိုဒင်း ချို့တဲ့မှုသည် ပြည်သူများ ကျန်းမာရေးကို ထိခိုက်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ရာ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ရောဂါမဖြစ်ပွားစေရန် အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။

ခေါင်းကြီး (စာမျက်နှာ-၂)

▶ အမေရိကန်အစိုးရရဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် မူဝါဒကိုတစ်ကမ္ဘာလုံးက နောကျေအောင် သိနေခဲ့ကြပါတယ်၊

စာဖတ်သူတစ်ဦး၏ **"လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့အမေရိကန်နဲ့ အပေါင်းပါတို့ရဲ့ အတွင်းသရုပ်"**

ဆောင်းပါး (စာမျက်နှာ-၃)

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၁၅

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြိုးခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)